# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# သတ္တမပုံမှန်အစည်းအဝေး
# (၂၄) ရက်မြောက်နေ့ မှတ်တမ်း

နေ့စဉ်



| .စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်း တင်ခြင်း | ၄ |
| ၅ | ငပုတောမြို့နယ်ရှိ ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်းသို့ ဆက်သွယ်ထားသော ငရုတ်ကောင်း- ငရုတ်ကောင်း(တောင်)လမ်းအား ကွန်ကရစ်လမ်းသို့မဟုတ် ကတ္တရာလမ်းအဖြစ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အဆင့်တိုးမြှင့်ဖောက်လုပ်ပေးနိုင်နှင့်စပ်လျဉ်းသည့်မေးခွန်း | ၄ |
| ၆ | မောက်မယ်မြို့နယ်၊ ဟိုနမ့်ကျေးရွာအုပ်စု ကတ္တရာလမ်းမကြီးနှင့် ဆက်သွယ်ထားသော ဟိုနမ့်-ထီဟန်းခြီး ရွာချင်းဆက်လမ်း၊ ဟိုနမ့်-ပြင်သာယာ-ပုန်းအောင်း-ထီပျဉ်ရွာချင်းဆက်လမ်း၊ စဥ့်ဝင်ကျေးရွာအုပ်စုရှိ ရွာသစ်-နောင်ခမ်းရွာချင်းဆက်လမ်းတို့ကို (၂၀၁၈-၂၀၁၉) ဘဏ္ဍာရေးနှစ်တွင် မည်သည့်လမ်းအဆင့်ထိ တိုးမြှင့်ဆောင်ရွက်ပေးမည် ကိုသိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း | ၇ |
| ၇ | မတူပီမြို့နယ်၊ အမ်ဆွေး-မားဒူ-ဝေလူးမှ ကန်ပက်လက်မြို့နယ် မကြားအိမ်နူးကျေးရွာကိုဖြတ်၍ မတူပီ မြို့နှင့် ကန်ပက်လက်မြို့ မြို့နယ်ချင်းဆက်လမ်းဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၈ |
| ၈ | ဖြူးမြို့နှင့် စစ်တောင်းမြစ်ကမ်းပါးရှိ ဘန်းလောင်ရွာသို့ ဆက်သွယ်ထားသည့်လမ်းမကြီး ကတ္တရာခင်းခြင်းလုပ်ငန်းအား ဆက်လက်ခင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၁ |
| ၉ | တမူးမြို့နှင့် ဟုမ္မလင်းမြို့သို့ ဆက်သွယ်ဖောက်လုပ်ထားသော ပြည်ထောင်စုလမ်းမကြီးအား ရာသီမရွေးသွားလာနိုင်ရန် နန့်အယားချောင်းကူးတံတားအားမည်သို့စီမံဆောင်ရွက်ပေးနိုင်မည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၃ |
| ၁၀ | ညောင်တုန်းမြို့နယ်အပါအဝင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၏ လမ်းနယ်နိမိတ်များကို မူလလမ်းနှင့် သတ်မှတ်ချက် ပေ ၃၀၀ မှ ပေ ၅၀၀ | ၁၅ |

လျှော့ချခြင်းကြောင့် ဖြစ်ပေါ်လာသော မြေလွတ် မြေလပ်များအား မည်သို့ စီမံဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း

၁၁ ဦးမောင်မြင့်၊ မင်းကင်းမဲဆန္ဒနယ်က ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့ ထုတ်သတင်းစာတွင် ဖော်ပြခဲ့သော နိုင်ငံတော်အတိုင်ပင်ခံရုံး၊ သတင်း ထုတ်ပြန်ရေးကော်မတီ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသား လုံခြုံရေး ဆိုင်ရာအကြံပေးပုဂ္ဂိုလ်၏ ရခိုင်ပြည်နယ်မြောက်ပိုင်း လုံခြုံရေးအခြေအနေ ထုတ်ပြန်ချက်ပါအချက်နှင့်ပတ်သက်၍ ရန်ကုန်သို့ ပြောင်းရွှေ့ နေထိုင် ခွင့်ပြုခဲ့သည်ဆိုသည့် ကျောက်ဖြူ၊ ပေါက်တောနှင့် ရမ်းဗြဲမြို့နယ်များရှိ ဒုက္ခသည် စခန်း(၃)ခုမှ အိမ်ထောင်စု ၅၅ စုကို ရန်ကုန်သို့ ပြောင်းရွှေ့ ခွင့်ပြုခဲ့ခြင်းကို ပြန်လည်သုံးသပ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း ၁၇

၁၂ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၄) ရက် မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး(၂၅)ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း ၂၄

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး

# (၂၄)ရက်မြောက်နေ့ အစီအစဉ်

# [ ၅-၃-၂၀၁၈ ] (တနင်္လာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးသန်းအောင်၊ ငပုတော မဲဆန္ဒနယ်၏ **ငပုတောမြို့နယ်ရှိ ပုသိမ်-သလပ်ချွာ မော်တင်စွန်းလမ်းသို့ ဆက်သွယ်ထားသော ငရုတ်ကောင်း-ငရုတ်ကောင်း (တောင်) လမ်းအား ကွန်ကရစ်လမ်း သို့မဟုတ် ကတ္တရာလမ်းအဖြစ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် အဆင့်တိုးမြှင့်ဖောက်လုပ်ပေးရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးစိုင်းငေါင်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်၏ **မောက်မယ်မြို့နယ်၊ ဟိုနမ့်ကျေးရွာအုပ်စု ကတ္တရာလမ်းမကြီးနှင့် ဆက်သွယ်ထားသော ဟိုနမ့်-ထီဟန်း ခြွီး ရွာချင်းဆက်လမ်း၊ ဟိုနမ့်-ပြင်သာယာ- ပုန်းအောင်-ထီပျဉ် ရွာချင်းဆက်လမ်း၊ စဉ့်ဝင်ကျေးရွာအုပ်စုရှိ ရွာသစ်-နောင်ခမ်း**

**ရွာချင်းဆက်လမ်းတို့ကို (၂၀၁၈–၂၀၁၉) ဘဏ္ဍာနှစ်တွင် မည်သည့် လမ်းအဆင့်ထိ တိုးမြှင့်ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးပါထန်း၊ မတူပီ မဲဆန္ဒနယ်၏ **မတူပီမြို့နယ်၊ အမ်ဆွေး–မားဒူ– ဝေးလူမှ ကန်ပက်လက်မြို့နယ် မကြားအိမ်နူးကျေးရွာကိုဖြတ်၍ မတူပီမြို့နှင့် ကန်ပက်လက်မြို့ မြို့နယ်ချင်းဆက်လမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးသန်းညွန့်၊ ဖြူး မဲဆန္ဒနယ်၏ **ဖြူးမြို့နှင့် စစ်တောင်းမြစ်ကမ်းပါးရှိ ဘန်းလောင်ရွာသို့ ဆက်သွယ်ထားသည့် လမ်းမကြီး ကတ္တရာခင်းခြင်း လုပ်ငန်းအား ဆက်လက်ခင်းပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးနိုင်နိုင်ဝင်း၊ တမူး မဲဆန္ဒနယ်၏ **တမူးမြို့နှင့် ဟုမ္မလင်းမြို့သို့ ဆက်သွယ် ဖောက်လုပ်ထားသော ပြည်ထောင်စုလမ်းမကြီးအား ရာသီမရွေး သွားလာနိုင်ရန် နန့်အယားချောင်းကူးတံတားအား မည်သို့ စီမံ ဆောင်ရွက်ပေးနိုင်မည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးအုန်းလွင်၊ ညောင်တုန်း မဲဆန္ဒနယ်၏ **ညောင်တုန်းမြို့နယ်အပါအဝင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၏ လမ်းနယ်နိမိတ်များကို မူလလမ်းနှင့် သတ်မှတ်ချက် ပေ ၃၀၀ မှ ပေ ၁၅၀ လျှော့ချခြင်းကြောင့် ဖြစ်ပေါ်လာသော မြေလွတ်မြေလပ်များအား မည်သို့ စီမံဆောင်ရွက် ထားသည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးမောင်မြင့်၊ မင်းကင်း မဲဆန္ဒနယ်က **“ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ(၂)ရက်နေ့ထုတ် သတင်းစာတွင် ဖော်ပြခဲ့သော နိုင်ငံတော်အတိုင်ပင်ခံရုံး၊ သတင်းထုတ်ပြန်ရေး ကော်မတီ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်၏ ရခိုင်ပြည်နယ်မြောက်ပိုင်း လုံခြုံရေးအခြေအနေ ထုတ်ပြန်ချက်ပါ အချက်နှင့်ပတ်သက်၍ ရန်ကုန်သို့ပြောင်းရွှေ့နေထိုင် ခွင့်ပြုခဲ့သည်ဆိုသည့် ကျောက်ဖြူ၊ ပေါက်တောနှင့် ရမ်းဗြဲမြို့နယ်များရှိ ဒုက္ခသည် စခန်း(၃)ခုမှ အိမ်ထောင်စု(၅၅)စုကို ရန်ကုန်သို့ ပြောင်းရွှေ့ ခွင့်ပြုခဲ့ခြင်းကို ပြန်လည်သုံးသပ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း ”** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ် ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမ ပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၅)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး
## (၂၄)ရက်မြောက်နေ့မှတ်တမ်း

**၁၃၈၀ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်**
**(၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၅ ရက်)**
**(တနင်္လာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

### ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

### ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦးရှိတဲ့အနက် ၃၈၃ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၈.၄၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးသောင်းဌေးလင်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၅ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြား သူလွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးသောင်းဌေးလင်း၊ ပုသိမ်ကြီးမဲဆန္ဒနယ်ကကိုယ်စား ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၈၃ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၄၅ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၁ ရက်၊
(၂) ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို ခွင့် ၁ ရက်၊
(၃) အင်္ဂပူမဲဆန္ဒနယ်မှ ဦးအေးဝင်း ခွင့် ၃ ရက်၊
(၄) ပူတာအိုမဲဆန္ဒနယ်မှ ဦးမိုးရွှေ ခွင့် ၃ ရက်၊
(၅) ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ဦးရွှေလှကြိုင် ခွင့် ၃ ရက်၊
(၆) တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၁ ရက်၊
(၇) ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင် ခွင့် ၁ ရက်၊
(၈) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်ချုပ်သန်းထွတ်သိန်း ခွင့် ၁ ရက်၊
(၉) စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်သိန်းခိုင် ခွင့် ၁ ရက်၊
(၁၀) ရေတာရှည်မဲဆန္ဒနယ်မှ ဦးကြည်မိုးနိုင် ခွင့် ၁ ရက်၊
(၁၁) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက် ခွင့် ၁ ရက်၊
(၁၂) သာပေါင်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၁ ရက်၊
(၁၃) ပေါင်းတည်မဲဆန္ဒနယ်မှ ဦးအေးမင်းအောင်(ခ)ဦးမင်းမင်း ခွင့် ၅ ရက်၊
(၁၄) ကိုကိုးကျွန်းမဲဆန္ဒနယ်မှ သူရဦးသက်ဆွေ ခွင့် ၂ ရက်၊
(၁၅) ချောင်းဦးမဲဆန္ဒနယ်မှ ဦးမျိုး ခွင့် ၁ ရက်၊
(၁၆) ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင် ခွင့် ၁ ရက်၊
(၁၇) အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး ခွင့် ၅ ရက်၊
(၁၈) မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင် ခွင့် ၁ ရက်၊

(၁၉) ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးမင်းနောင် ခွင့် ၁ ရက်၊
(၂၀) ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေဇင်လတ် ခွင့် ၁ ရက်၊
(၂၁) ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ)ဒေါ်ရှာမီးခွင့် ၂ ရက်၊
(၂၂) ပုလောမဲဆန္ဒနယ်မှ ဦးအုန်းခင် ခွင့် ၅ ရက်၊
(၂၃) မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု ခွင့် ၁ ရက်၊
(၂၄) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးနေထက်ဝင်း ခွင့် ၁ ရက်၊
(၂၅) လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဝင်းမင်းခွင့် ၁ ရက်၊
(၂၆) စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး ခွင့် ၁ ရက်၊
(၂၇) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊
(၂၈) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်၊
(၂၉) ဖားကန့်မဲဆန္ဒနယ်မှ ဦးတင့်စိုး ခွင့် ၅ ရက်၊
(၃၀) မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုး ခွင့် ၅ ရက်၊
(၃၁) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၁ ရက်၊
(၃၂) မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းဆိုင်မိုင်း ခွင့် ၅ ရက်၊
(၃၃) မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် ခွင့် ၅ ရက်၊
(၃၄) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်အောင်ကျော် ခွင့် ၁၁ ရက်၊
(၃၅) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး ခွင့် ၃ ရက်၊
(၃၆) မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော ခွင့် ၁ ရက်၊
(၃၇) ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးဉာဏ်လင်း ခွင့် ၁ ရက်၊
(၃၈) မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးသူ ခွင့် ၅ ရက်၊
(၃၉) မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန် ခွင့် ၂ ရက်၊
(၄၀) ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး ခွင့် ၁ ရက်၊
(၄၁) ရမ်းပြဲမဲဆန္ဒနယ်မှ ဦးကျော်ရွှေ ခွင့် ၁ ရက်၊
(၄၂) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၂ ရက်၊
(၄၃) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး ခွင့် ၅ ရက်၊
(၄၄) ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သက်သက်ခိုင် ခွင့် ၅ ရက်နှင့်
(၄၅) ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင် ခွင့် ၁၃ ရက်တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၅ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၄၅ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၅၀ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

မူကြမ်း

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး ယခင်ကခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၅ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၄၅ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း ၅၀ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**ငပုတောမြို့နယ်ရှိ ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်းသို့ ဆက်သွယ်ထားသော ငရုတ်ကောင်း-ငရုတ်ကောင်း(တောင်)လမ်းအား ကွန်ကရစ်လမ်း သို့မဟုတ် ကတ္တရာလမ်းအဖြစ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အဆင့်တိုးမြှင့်ဖောက်လုပ်ပေးနိုင်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ငပုတောမဲဆန္ဒနယ်မှ ဦးသန်းအောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းအောင်(ငပုတောမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် ဧည့်သည်တော်များအားလုံးပဲ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း မင်္ဂလာပါလို့ နှုတ်ဆက်ပါတယ်။ ကျွန်တော်ကတော့ ငပုတောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းအောင် ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်မှာရှိတဲ့ ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်းကိုဆက်သွယ်ထားတဲ့ ငရုတ်ကောင်းမြို့နဲ့ ငရုတ်ကောင်း(တောင်) လမ်းအား ရာသီမရွေးအန္တရာယ်ကင်းစွာသွားလာနိုင်သော ကွန်ကရစ်လမ်း သို့မဟုတ် ကတ္တရာလမ်း အဖြစ် အဆင့်တိုးမြှင့်ဖောက်လုပ်ပေးနိုင်ပါရန် မည်သို့စီမံဆောင်ရွက်ထားကြောင်းကို သိရှိလိုတဲ့ မေးခွန်းပဲဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်းနဲ့ပတ်သက်တဲ့ အခြေခံ အချက်အလက်လေးတချို့ကို ပဏာမတင်ပြလိုပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှာထုတ်ပြန်တဲ့ ကြေညာစာအမှတ်၊ ၁၀၀/၂၂-၃၅၈ ပ ၁ အရ ငရုတ်ကောင်းမြို့နယ်

အဆင့်သို့လည်းကောင်း၊ ကြေညာချက်အမှတ်၊ ၁၀၀/၂၄-၅၀ ∪ ၁ အရ ငရုတ်ကောင်းမြို့အဖြစ်သို့ လည်းကောင်း တိုးမြှင့်ခြင်းခံခဲ့ရပါတယ်။ ငရုတ်ကောင်းမြို့မှာ ကျေးရွာအုပ်စု ၁၁ အုပ်စုနဲ့ ရပ်ကွက် ပေါင်း နှစ်ခုရှိပြီးတော့ ကျေးရွာပေါင်းက ၆၈ ရွာရှိပါတယ်။ ၂၀၁၄ ခုနှစ်၊ သန်းခေါင်စာရင်းများအရ တော့ လူဦးရေဟာ ၄၁၁၉၄ ဦး နေထိုင်ကြောင်းလည်း သိရပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ငရုတ်ကောင်းမြို့လေးဟာ ရခိုင် ရိုးမလို့ခေါ်တဲ့ အနောက်ရိုးမမှာတည်ရှိပြီးတော့ ဘင်္ဂလားပင်လယ်ကမ်းခြေမှာလည်း တည်ရှိပါတယ်။ သဘာဝအလှတွေနဲ့ပြည့်စုံတဲ့အတွက် ဂွမ်ယီကျွန်းကိုအခြေပြုထားတဲ့ခရီးသွားလုပ်ငန်းတွေကလည်း တိုးတက်ဖွံ့ဖြိုးလို့လာနေပါတယ်။ လူထုဗဟိုပြုခရီးသွားလုပ်ငန်းများကိုလည်း ဒေသခံများရဲ့ဦးဆောင် မှုနဲ့စတင်ပြီးတော့ အကောင်အထည်ဖော်နေပြီဖြစ်ပါတယ်။ မြို့အဖြစ်သတ်မှတ်ခြင်းခံရပေမဲ့လည်း လမ်းပန်းဆက်သွယ်ရေးကတော့ ခက်ခဲကြမ်းတမ်းဆိုးဝါးပြီးတော့ အန္တရာယ်တွေနဲ့လည်းပြည့်နှက် နေတုန်းပါပဲ။ လက်ရှိအနေအထားအရ လမ်းဟာကျောက်ချောလမ်းအဆင့် ရှိပါတယ်။ လမ်းရဲ့အစိတ် အပိုင်းတချို့ကိုတော့ တောင်ကုန်းအတက်အဆင်းတွေထူထပ်တဲ့နေရာမှာ ကွန်ကရစ်လမ်းပိုင်းများ အဖြစ် စတင်ဆောင်ရွက်နေတာကိုတွေ့ရှိရပါတယ်။ ဒီလမ်းဟာ ရခိုင်ရိုးမတောင်တန်းတောင်စွယ် တွေကို ဖြတ်သန်းဖောက်လုပ်ထားတဲ့အတွက် အကွေ့အကောက်တွေပေါများခြင်း၊ အဆင်းအတက် ကြမ်းတမ်းခြင်း၊ ချောက်ကမ်းပါးတို့က နက်ရှိုင်းစွာတည်ရှိခြင်းတို့ကြောင့် ယာဉ်အန္တရာယ်များနဲ့လည်း မကြာခဏကြုံတွေ့နေရပါတယ်။ ယခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအတွင်းမှာပဲ ယာဉ်မတော်တဆမှုနဲ့ လမ်းပိတ်ဆို့မှုတွေဟာ ငါးကြိမ်နဲ့အထက်ရှိခဲ့ပါတယ်။ ကမ်းခြေတစ်လျှောက်မှာ ရှိတဲ့ ပြည်သူလူထု ၄၁၁၉၄ ဦးတို့ရဲ့ ကုန်စည်ပို့ဆောင်ရာ၊ တင်သွင်းရာတို့ကို ဤလမ်းတစ်ကြောင်း တည်းကိုသာ အားထားအသုံးပြုနေရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ငရုတ်ကောင်းမြို့အနေနဲ့ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ ကမ်းခြေဒေသတစ်ခုလုံးရဲ့ လူမှုဘဝဖြစ်တည်ရှင်သန်ရေးရာအဖြာဖြာ တို့ဟာ ဤတစ်ကြောင်းတည်းသောလမ်းကိုသာ အမှီပြုနေရတဲ့အတွက် နိုင်ငံတော်ရဲ့ဖွံ့ဖြိုးတိုးတက်မှု တွေကို အထူးအားသွန်ခွန်စိုက်ဖြည့်ဆည်းဆောင်ရွက်နေရတဲ့ ယခုလိုအချိန်ကာလမှာ ဆေးရုံများ၊ ကျောင်းများ၊ လမ်းများ၊ တံတားများအစရှိတဲ့ Infrastructure တွေကို အရှိန်မြှင့်ဆောင်ရွက်နေတဲ့ အချိန်လည်းဖြစ်ပါတယ်။ ထို့အတူ လူထုဗဟိုပြုရေးလုပ်ငန်းများလည်းရှိတဲ့အတွက် သယ်ယူပို့ဆောင် ရေးကဏ္ဍဟာ ဤမြို့လေးအတွက် အင်မတန်မရှိမဖြစ်လိုအပ်တဲ့ အရေးပေါ်အခြေအနေရှိနေပါတယ်။ ဆောက်လုပ်ရေးသုံးပစ္စည်းတွေကို ပင်လယ်လမ်းကသယ်ဆောင်မယ်ဆိုရင် သယ်ယူစရိတ်တွေ များပြောင်ခြင်း၊ အန္တရာယ်ပေါများခြင်းတို့ကြောင့် သတ်မှတ်ထားတဲ့ ဘတ်ဂျက်နှစ်အတွင်းမှာ ပြီးမြောက်ဖို့ဆိုတာ စိန်ခေါ်မှုတစ်ရပ်ဖြစ်လာပါတယ်။ ဒါကြောင့်မို့လို့ ငရုတ်ကောင်းမြို့နဲ့ ငရုတ်ကောင်း(တောင်)လမ်းအား ကွန်ကရစ်လမ်း သို့မဟုတ် ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့် ပေးနိုင်ရန် မည်သို့အထူးပြုစီမံဆောင်ရွက်နေကြောင်း၊ ဖွံ့ဖြိုးမှုနောက်ကျတဲ့ ပြည်သူများရဲ့ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးထံကနေပြီးတော့ လေးစားစွာ မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

မူကြမ်း

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းအောင်မှ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ မေးမြန်းထားတဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်ရှိ ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်းသို့ ဆက်သွယ်ထားသော ငရုတ်ကောင်း-ငရုတ်ကောင်း(တောင်)လမ်းအား ရာသီမရွေးအန္တရာယ်ကင်းစွာသွားလာနိုင်သော ကွန်ကရစ်လမ်း သို့မဟုတ် ကတ္တရာလမ်းအဖြစ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အဆင့်တိုးမြှင့်ဖောက်လုပ်ပေးရန် မည်သို့စီမံဆောင်ရွက်ထားကြောင်း သိရှိလိုခြင်းနဲ့စပ်လျဉ်းတဲ့ မေးခွန်းအား ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ငရုတ်ကောင်း(တောင်)-ငရုတ်ကောင်းလမ်း ၁၇ မိုင် ၆ ဖာလုံသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနပိုင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်းဖြစ်ပါတယ်။ ၃၁-၃-၂၀၁၇ ရက်နေ့ရှိ လမ်းအမျိုးအစားမှာ ကွန်ကရစ်လမ်း ၁ မိုင် ၄ ဖာလုံ ကျောက်ချောလမ်း ၁၆ မိုင် ၂ ဖာလုံဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်သောလုပ်ငန်းများဖြစ်သည့် ငရုတ်ကောင်းမြို့တွင်းအပိုင်း ၁ မိုင်အား ၁၈ ပေအကျယ် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းမှာ ၇၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီးတော့ ၁၂ မိုင် ၆ ဖာလုံ ချောင်းကျောက် သုံးလက်မခင်းခြင်းလုပ်ငန်းကလည်း ၉၅ ရာခိုင်နှုန်းဆောင်ရွက်နေပြီးဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပထမနှစ် ခြောက်လရန်ပုံငွေမှာ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ Box Culvert တစ်စင်း၊ ရေပွန်ရှစ်စင်းနဲ့ မြေကာနံရံများ ကျောက်စီရေမြောင်း မီတာ ၁၀၀ အရှည်စသဖြင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများရန်ပုံငွေလျာထားဖြစ်ပါတယ်။ ၎င်းအပြင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ၁၂ လ ဘတ်ဂျက်မှာတော့ စုစုပေါင်း ၄ မိုင် ၂ ဖာလုံကို ၁၈ ပေအကျယ် ကွန်ကရစ်လမ်း အဆင့်တိုးမြှင့်ဖို့နဲ့ မိုင်တိုင် ၉ နဲ့ ၁၁ ကြားမှာရှိတဲ့ အန္တရာယ်ကုန်းဆင်းအကွေ့တွေကိုရှောင်ကွင်းဖို့ လမ်းအူကြောင်းအသစ်ဖောက်လုပ်ခြင်းလုပ်ငန်းတွေအတွက် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ထည့်သွင်းလျာထားတောင်းခံထားပါကြောင်းနှင့် ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီးတော့ ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မောက်မယ်မြို့နယ်၊ ဟိုနမ့်ကျေးရွာအုပ်စု ကတ္တရာလမ်းမကြီးနှင့် ဆက်သွယ်ထားသော ဟိုနမ့်-ထီဟန်းခြီး ရွာချင်းဆက်လမ်း၊ ဟိုနမ့်-ပြင်သာယာ-ပုန်းအောင်း-ထီပျဉ်ရွာချင်းဆက်လမ်း၊ စဥ့်ဝင်ကျေးရွာအုပ်စုရှိ ရွာသစ်-နောင်ခမ်းရွာချင်းဆက်လမ်းတို့ကို (၂၀၁၈-၂၀၁၉)ဘဏ္ဍာရေးနှစ်တွင် မည်သည့်လမ်းအဆင့်ထိ တိုးမြှင့်ဆောင်ရွက်ပေးမည်ကိုသိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါင်းဆိုင်ဟိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းငေါင်းဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး ကျန်းမာရွှင်လန်းကြပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းငေါင်းဆိုင်ဟိန်း ဖြစ်ပါတယ်ခင်ဗျား။ မောက်မယ်မြို့နယ်အတွင်း ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးစားပေး အဆင့်ဖြင့်ဆောင်ရွက်မည့် ကျေးလက်လမ်းများနှင့်စပ်လျဉ်း၍ မေးမြန်းခွင့်တောင်းခံအပ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မောက်မယ်မြို့နယ် တွင် ဝေးလံခေါင်သီသောကျေးရွာများအထိ မြေသားလမ်း၊ ကျောက်ချောလမ်းများကို ဘဏ္ဍာရေးနှစ် အလိုက် စီမံဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ယခင်က လုပ်ငန်းနယ်မြေကန့်သတ်ခဲ့ဝေရာတွင် နတလ ဦးစီးဌာနနှင့် ကျေးလက်ဦးစီးဌာနတို့မှ ရွာချင်းဆက်လမ်းများကို မိမိတို့လုပ်ငန်းနယ်မြေအလိုက် ခွဲခြားဆောင်ရွက်ခဲ့ကြပါတယ်။ ယခုပြောင်းရွှေ့ဖွဲ့စည်းလိုက်သော ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီး ဌာနအနေဖြင့် ကျေးလက်လမ်းများကို (A), (B), (C) အဆင့်ခွဲခြား၍ ဆောင်ရွက်ပေးမည်ဟုလည်း သိရှိရပါသည်။ အောက်ဖော်ပြပါ ကျေးရွာသုံးရွာသည် ၂၀၁၀ ပြည့်နှစ်မှ ယနေ့အချိန်ထိ ကျေးလက် လမ်းကြမ်းအဆင့်ထိသာ ကျန်ရှိနေသော ကျေးလက်လမ်းများဖြစ်သဖြင့် ဦးစားပေးဆောင်ရွက် ပေးပါရန် တင်ပြအပ်ပါသည်။ (၁) မောက်မယ်မြို့နယ် ဟိုနမ့်ကျေးရွာအုပ်စု၊ ဟိုနမ့်ကတ္တရာလမ်းနဲ့ ဆက်သွယ်ထားသော ပြင်သာယာ-ပုန်းအောင်း-ထီပျဉ် ရွာချင်းဆက်လမ်း၊ (၂)မောက်မယ်မြို့နယ် ဟိုနမ့်ကျေးရွာအုပ်စု၊ ဟိုနမ့်ကတ္တရာလမ်းနှင့်ဆက်သွယ်ထားသော ဟိုနမ့်-ထီဟန်းခြီးရွာချင်းဆက် လမ်း၊ (၃) မောက်မယ်မြို့နယ် စဥ့်ဝင်ကျေးရွာအုပ်စု မြို့ပေါ်ရပ်ကွက်နှင့်ဆက်သွယ်ထားသော ရွာသစ်-နောင်ခမ်းလမ်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ယနေ့ထိတိုင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးသော ဖော်ပြပါ ကျေးရွာချင်းဆက်လမ်းများအတွက် အောက်ပါမေးခွန်းများကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်း အပ်ပါသည်။

မောက်မယ်မြို့နယ် ဟိုနမ့်ကျေးရွာအုပ်စု ကတ္တရာလမ်းမကြီးနှင့် ဆက်သွယ်ထားသော ဟိုနမ့်-ထီဟန်ခြီးရွာချင်းဆက်လမ်း၊ ဟိုနမ့်-ပြင်သာယာ-ပုန်းအောင်း-ထီပျဉ်ရွာချင်းဆက်လမ်း၊ စဥ့်ဝင်ကျေးရွာ အုပ်စုရှိ ရွာသစ်-နောင်ခမ်းကျေးရွာချင်းဆက်လမ်းတို့ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် မည်သည့်လမ်းအဆင့်ထိ တိုးမြှင့်ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသဖြင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်၊ မောက်မယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝေါ်င်းဆိုင်ဟိန်း မေးမြန်းထားသော မောက်မယ်မြို့နယ်၊ ဟိုနမ့်ကျေးရွာအုပ်စု ကတ္တရာလမ်းမကြီးနှင့်ဆက်သွယ်ထားသော ဟိုနမ့်-ထီဟန်းခြီးရွာချင်းဆက်လမ်း၊ ဟိုနမ့်-ပြင်သာယာ-ပုန်းအောင်း-ထီပျဉ်ရွာချင်းဆက်လမ်းတို့ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် မည်သည့်လမ်းအဆင့်ထိ တိုးမြှင့်ဆောင်ရွက်ပေးနိုင်မည်ကိုသိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးမေးမြန်းထားတဲ့ ရွာချင်းဆက်လမ်းသုံးလမ်းသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသော လမ်းများဖြစ်ပါတယ်။ ဟိုနမ့်ကျေးရွာအုပ်စုအတွင်းရှိ ဟိုနမ့်-ထီဟန်းခြီး(ပွန်ချောင်း-ပင်ငို-ထီဟန်းခြီး)လမ်းအရှည် ၉ မိုင် ၃ ဖာလုံနှင့် ဟိုနမ့်-ပြင်သာယာ-ပုန်းအောင်း-ထီပျဉ်လမ်းအရှည် ၇ မိုင် ၅ ဖာလုံတို့သည် မောက်မယ်-ဆီဆိုင်လမ်းမကြီးနှင့် ဆက်သွယ်ထားသော လမ်းများဖြစ်ပါတယ်။ စဥ့်ဝင်ကျေးရွာအုပ်စုအတွင်းရှိ ရွာသစ်-နောင်ခမ်းလမ်းအရှည် ၃ မိုင် ၆ ဖာလုံကတော့ လက်ရှိအခြေအနေမှာ ကျောက်ချောလမ်း ၆ ဖာလုံနှင့် မြေသားလမ်း ၃ မိုင်ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်၊ မောက်မယ်မြို့နယ်အတွင်းရှိ ဟိုနမ့်-ထီဟန်းခြီး(ပွန်ချောင်း-ပင်ငို-ထီဟန်းခြီး)လမ်းနှင့် ဟိုနမ့်-ပြင်သာယာ-ပုန်းအောင်း-ထီပျဉ်လမ်းတို့ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ၁၂ လ ရန်ပုံငွေတွင်လည်းကောင်း၊ ရွာသစ်-နောင်ခမ်းလမ်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ၁၂ လ ပြည်ထောင်စုရန်ပုံငွေတွင်လည်းကောင်း ထည့်သွင်းလျာထားပြီး ဘဏ္ဍာငွေခွဲဝေရရှိမှုပေါ်မူတည်ပြီးတော့ လမ်းလုပ်ငန်းများကို အဆင့်မြှင့်အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**မတူပီမြို့နယ်၊ အမ်ဆွေး-မားဒူ-ဝေလူးမှ ကန်ပက်လက်မြို့နယ် မကြားအိမ်နူးကျေးရွာကိုဖြတ်၍ မတူပီမြို့နှင့် ကန်ပက်လက်မြို့ မြို့နယ်ချင်းဆက်လမ်းဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးပါထန်း(မတူပီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ မတူပီမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပါထန်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မတူပီမြို့နယ်၊ အမ်ဆွေး-မားဒူ-ဝေလူးလမ်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကနေ တစ်ကြောင်းထိုးလမ်း

အဖြစ် ဖောက်လုပ်ပေးခဲ့ပါတယ်။ ဝေလူးကျေးရွာဟာ မတူပီမြို့နယ်အဆုံးဖြစ်ပြီး ထိန်းခေါင်ကျေးရွာနှင့် လုံတူးကျေးရွာတို့ဟာ ပလက်ဝမြို့နယ်ဖြစ်ပါတယ်။ ဒါပေမဲ့ ပလက်ဝမြို့ကိုသွားတဲ့အခါမှာ လေးမြို့မြစ်ကိုဆုံဆင်းပြီး ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့၊ ကျောက်တော်မြို့တို့ကိုဖြတ်ပြီးမှ ပလက်ဝမြို့ကို ရောက်ရပါတယ်။ မိုင် ၂၀၀ ကျော်ဝေးပါတယ်။ မတူပီမြို့ကနေ ထိန်းခေါင်-လုံတူးကျေးရွာဟာ မိုင် ၃၀ ကျော် ၄၀ ခန့်သာ ဝေးတဲ့အတွက် သူတို့ရဲ့စားဝတ်နေရေးနှင့် အစစအရာရာအတွက် ပလက်ဝမြို့နယ်ထက် မတူပီမြို့ကိုပဲ ပိုပြီးမှ မှီခိုအားထားနေရပါတယ်။ အဲဒါကြောင့် မတူပီမြို့နယ်ကို ဆက်သွယ်သွားလာနိုင်တဲ့ကားလမ်း အထူးလိုအပ်လှပါတယ်။ ထို့အပြင် လုံတူးကျေးရွာမှ အရှေ့ဘက်ကိုသွားရင် ကန်ပက်လက်မြို့နယ် မကြားအိမ်နူးနဲ့ မထားအိမ်နူးကျေးရွာတို့ကိုရောက်ပါတယ်။ ကန်ပက်လက်မြို့နယ်မှ မကြားအိမ်နူးအထိ တစ်ကြောင်းထိုးကားလမ်းပေါက်ပြီးဖြစ်ပါတယ်။ မကြားအိမ်နူးကားလမ်းဟာ ကန်ပက်လက်မြို့နှင့် ပလက်ဝမြို့ချင်းဆက်လမ်းအဖြစ် လျာထားတယ်လို့လည်း သိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဒေသဟာ ချင်းပြည်နယ်(တောင်ပိုင်း)မြို့နယ်များဖြစ်တဲ့ မတူပီမြို့နယ်၊ မင်းတပ်မြို့နယ်၊ ကန်ပက်လက်မြို့နယ်၊ ပလက်ဝမြို့နယ် လေးမြို့နယ်ဆုံချက်နေရာဖြစ်တဲ့အတွက်ကြောင့် ဘယ်မြို့နယ်ကမှ လက်လှမ်းမမီဘဲနဲ့ ဘာကားလမ်းမှမရှိဘဲနဲ့ ရွာပေါင်း ၇၀ ကျော်ဟာ ဆက်သွယ်ရေးပြတ်တောက်နေတဲ့နေရာဖြစ်ပါတယ်။ အဲဒါကြောင့် ဖွံ့ဖြိုးမှုအလွန်နိမ့်ကျပြီး လမ်းပန်းဆက်သွယ်ရေး လုံးဝမရှိတဲ့နေရာဖြစ်ပါတယ်။ ဒါကြောင့် မတူပီမြို့နယ်၊ ဝေလူးကျေးရွာမှ ပလက်ဝမြို့နယ်၊ ထိန်းခေါင်ကျေးရွာ၊ လုံတူးကျေးရွာတို့ကိုဖြတ်ပြီး ကန်ပက်လက်မြို့နယ် မကြားအိမ်နူးကျေးရွာတို့ ဆက်သွယ်သွားလာနိုင်ဖို့ မိုင် ၂၀ အား ဖောက်လုပ်ပေးပါရန် အစီအစဉ်ရှိ/မရှိ သိလို၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ မတူပီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပါထန်း မေးမြန်းသော အမ်ဆွေး-မားဒူ-ဝေလူးမှ ကန်ပက်လက်မြို့နယ်၊ မကြားအိမ်နူးကျေးရွာကိုဖြတ်၍ မတူပီမြို့နှင့် ကန်ပက်လက်မြို့ မြို့နယ်ချင်းဆက်လမ်းဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မတူပီမြို့နယ်၊ အမ်ဆွေး-မားဒူ-ဝေလူး-ထိန်းခေါင်-လုံးတူ-မကြားအိမ်နူးကျေးရွာများကိုဖောက်၍ ဖောက်လုပ်လိုသည့်လမ်းသည် မတူပီမြို့မှ ၂၃ မိုင် ၃ ဖာလုံ မြေလမ်းအကွာရှိ ဝေလူးကျေးရွာမှ မတူပီမြို့နယ်၊ ပလက်ဝမြို့နယ်နှင့် ကန်ပက်လက်မြို့နယ် သုံးခုအားဖြတ်ပြီး မကြားအိမ်နူးရွာထိ ဆက်သွယ်ထားသော မြေသားလမ်းဖြစ်ပါတယ်။ ချင်းပြည်နယ်၊ မတူပီမြို့နယ် ဝေလူး-ထိန်းခေါင်-လုံးတူး-မကြားအိမ်နူးလမ်း မိုင် ၂၀ အနက် ဝေလူး-ထိန်းခေါင်လမ်းအပိုင်း ၆ မိုင်အား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ၁၈ ပေ အကျယ်မြေသားလမ်းအဖြစ်လျာထားပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါလမ်းများ၏ ဆောင်ရွက်ရန်ကျန်ရှိနေသော လမ်းပိုင်း ၁၄ မိုင်အား လမ်းအူကြောင်းရှာဖွေကွင်းဆင်းတိုင်းတာခြင်းများဆောင်ရွက်ရန် ညွှန်ကြား ထားပြီးတော့ ကွင်းဆင်းတိုင်းတာခြင်းလုပ်ငန်းများဆောင်ရွက်ပြီးပါက ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင်လမ်းအဖြစ် လုပ်ထုံးလုပ်နည်းနှင့်အညီ သိမ်းသွင်းဆောင်ရွက် သွားပြီးတော့ ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေများတင်ပြတောင်းခံပြီး လမ်းပိုင်းအလိုက် လုပ်ငန်းများ ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါ တယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးပါထန်း(မတူပီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ် မေးခွန်းမေးမြန်းခွင့်ပြုပါခင်ဗျား။ အခု ကျွန်တော် တင်ပြတဲ့ဒေသဟာ အခုနက ကျွန်တော် တင်ပြထား သလို လေးမြို့နယ်ဆုံချက်ဖြစ်တဲ့အခါကျတော့ လုံးဝလမ်းပန်းဆက်သွယ်ရေးမရှိပါဘူး။ အခု တစ်နှစ် မှာ ၆ မိုင်ပဲလျာထားပေးတယ်ဆိုတာ အဲဒီဒေသအတွက် လုံးဝလုံလောက်တဲ့အတိုင်းအတာမဟုတ်ပါ ဘူး။ အဲဒါကြောင့် ကျွန်တော်တို့ တင်ပြတာ တကယ့် ကတ္တရာလမ်းလည်းမဟုတ်ပါဘူး။ တစ်ကြောင်း ထိုးမြေသားလမ်းကို ကျွန်တော်တို့ တောင်းရခြင်းဖြစ်တဲ့အတွက်ကြောင့် ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ ဒေသရဲ့လိုအပ်ချက်အရ ကျန်တဲ့ ၁၄ မိုင်ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိကို ကျွန်တော် တစ်ဆက်တစ်စပ်တည်းမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးပြောတာ မှန်ပါတယ်ခင်ဗျား။ ဒီရွာတွေဟာဆိုလို့ရှိရင် ၂၀၁၅ ခုနှစ်အထိက လမ်းလုံးဝမရှိတဲ့ရွာတွေဖြစ်ပါတယ်။ အစိုးရသစ်တက်လာပြီးတော့ နှစ်နှစ်အတွင်း မှာ ကျွန်တော်တို့ ဦးစားပေးအနေနဲ့ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ် လမ်းပန်းဆက်သွယ်ရေးဦးစား ပေးပါဆိုတဲ့အတွက် ဒီရွာတွေကို အခုနကပြောတဲ့လမ်းတွေက ဒီနှစ်နှစ်အတွင်းမှာဖောက်ခဲ့တဲ့လမ်းတွေ ဖြစ်ပါတယ်။ သို့သော်လည်းပဲ အခက်အခဲတစ်ခုဖြစ်သွားတာက ကျွန်တော်တို့က နတ်မတောင်ခြေ ကနေပြီးတော့ ဖြတ်ပြီးတော့ လမ်းဖောက်လိုက်တာ။ သူကတော့ ကန်ပက်လက်ကနေပြီးတော့ မြို့သစ် ပေးလိုက်တဲ့ အခု မကွေ့အိမ်နူးသည် ဒါ အခု အစိုးရသစ်လက်ထက်မှာ ပေးလိုက်တဲ့ မြို့အသစ် မြို့အနေနဲ့ ပေးလိုက်တာ။ အဲဒါသည် မိုင် ၄၀ လောက်ရှိပါတယ်။ ယခင်က မကွေ့အိမ်နူးသည် လမ်းလုံးဝမရှိပါဘူး။ အဲဒါကို နတ်မတောင်ခြေကနေ ဖြတ်ဖောက်လိုက်တဲ့အခါကျတော့ အခက်အခဲ တစ်ခုဖြစ်သွားတာက အဲဒီမှာ မျက်ခုံးဖြူငှက်ဆိုတဲ့ ငှက်တစ်မျိုးဟာ ကမ္ဘာမှာ မြန်မာပြည်မှာပဲ ရှိတယ်လို့ ပြောပါတယ်ခင်ဗျား။ အဲဒီမြန်မာပြည်မှာမှ နတ်မတောင်တစ်နေရာမှာပဲ ရှိတယ်ဆိုပြီး နိုင်ငံခြားသားတွေ လာလာကြည့်နေတယ်။ ဒီမျက်ခုံးဖြူငှက်ရဲ့ အသိုက်တွေရှိတဲ့နေရာကနေ ကျွန်တော်တို့က လမ်းဖောက်ပြီးသားကြီးဖြစ်သွားတယ်ခင်ဗျား။ ဖောက်ပြီးသားဖြစ်သွားတော့ သစ်တောရေးရာဦးစီးဌာန၊ ဒီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကနေပြီး ကျွန်တော်တို့ကို ကန့်ကွက်စာပို့ပြီး တော့ ဒီလမ်းကတော့ နည်းနည်းလောက်ပေါက်သွားလိုက်တာနဲ့ အဲဒီကရွာသားတွေက မော်တော်

ဆိုင်ကယ်တွေ ဗုန်းဗုန်း ဗုန်းဗုန်းဆိုပြီး မောင်းတဲ့အခါကျတော့ ငှက်တွေက အသိုက်ပြောင်းကုန်ပါတယ်။ ငှက်တွေအသိုက်ပြောင်းကုန်တဲ့အခါကျတော့ အဲဒါနဲ့ ဒီဟာကို လမ်းအသစ်ဖောက်ပေးပါဆိုတာနဲ့ ပြီးခဲ့တဲ့လထဲမှာပဲ ကျွန်တော်ပါပါတယ်။ နောက် ဒေါက်တာညီညီကျော်တို့ သစ်တောရေးရာအဖွဲ့တွေနဲ့ ကွင်းဆင်းပြီးတော့ ကျွန်တော်တို့ ဒီ နတ်မတောင်ကနေ တောင်ဘက် ခုနစ်မိုင်အကွာမှာ ကျွန်တော်တို့ လမ်းအူကြောင်းအသစ်ရှာပါ့မယ်ခင်ဗျား။ အခုကို ကျွန်တော်တို့အဖွဲ့တွေ အဲဒီအထဲမှာရှာနေပါပြီ။ သစ်တောကဝန်ထမ်းတွေလည်းပါပါတယ်။ ဆောက်လုပ်ရေးဝန်ထမ်းတွေနဲ့ လမ်းအူကြောင်းအသစ် ရှာပြီးတော့ ၁၄ မိုင် လမ်းသစ် ကျွန်တော်တို့ ရှာဖွေပြီးတော့ မြေသားလမ်းအသစ်ဖောက်သွားမှာဖြစ်ပါတယ်။ အခု ကိုယ်စားလှယ်တော်ကြီးလိုချင်တဲ့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မတိုင်ခင်မှာ ကန်ပက်လက်ကနေပြီးတော့ မကွေအိမ်နူးအထိရော၊ မကွေအိမ်နူးကနေ မကြားအိမ်နူးအထိရော၊ မကြားအိမ်နူးကနေပြီးတော့ မတူပီဆက်တဲ့လမ်းရော အားလုံးကို မြေသားလမ်းပေါက်သွားမည်ဖြစ်ပါကြောင်း ဒီနေရာကနေ တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ Date မှားနေတယ်။ ကိုယ်စားလှယ်တင်ပြတာက ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်လို့ပြောတယ်။ ဒုတိယဝန်ကြီးပြန်ဖြေတာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်ဖြစ်နေတယ်။ အဲဒါလေးကိုတော့ ပြန်ပြီးတော့ အဆင်ပြေအောင် ညှိပြီးတော့ ဆောင်ရွက်ပေးပါ။

**ဖြူးမြို့နှင့် စစ်တောင်းမြစ်ကမ်းပါးရှိ ဘန်းလောင်ရွာသို့ ဆက်သွယ်ထားသည့်လမ်းမကြီး ကတ္တရာခင်းခြင်းလုပ်ငန်းအား ဆက်လက်ခင်းပေးရန် အစီအစဉ်ရှိ/ မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဖြူးမဲဆန္ဒနယ်မှ ဦးသန်းညွန့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းညွန့်(ဖြူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ကျွန်တော် နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ဖြူးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးသန်းညွန့် ဖြစ်ပါတယ်။ ယနေ့ကျွန်တော်မေးမယ့်မေးခွန်းကတော့ ဖြူးမြို့နှင့် စစ်တောင်းကမ်းပါးမှာရှိတဲ့ ဘန်းလောင်ရွာကိုဆက်သွယ်ထားတဲ့ လမ်းမကြီး ကတ္တရာခင်းခြင်းလုပ်ငန်း ဆက်လက်၍ခင်းပေးရန် အစီအစဉ်ရှိ/မရှိ မေးလိုတဲ့မေးခွန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဖြူးမြို့နယ်ဟာ တောင်မြောက်အလျားမိုင် ၂၀ ခန့်ရှိပြီးတော့ အရှေ့အနောက် ကန့်လန့်ဖြတ်က ၁၆ မိုင်ခန့်လောက် ကျယ်ဝန်းပါတယ်။ ပထဝီအနေအထားအရပြောရရင် မြို့ရဲ့ အနောက်ခြမ်းဟာ ရိုးမနဲ့ ၃ မိုင်ခန့်ရှိပြီးတော့ အရှေ့ဘက်အခြမ်း စစ်တောင်းမြစ်အထိ ၁၃ မိုင်ခန့် ကျယ်ဝန်းပါတယ်။ ရန်ကုန်-မန္တလေးလမ်းကိုသာ အဓိကထားပြီးတော့ မြေပုံထဲမှာကြည့်လိုက်ရင် အနောက်ဘက်ခြမ်းကကျဉ်းပြီးတော့ ကျွန်တော်တို့ အရှေ့ဘက်အခြမ်းက ပိုပြီးကျယ်ပြန့်တာကို တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ဟာ ရန်ကုန်-မန္တလေး လမ်းဟောင်းအတိုင်း ကျွန်တော်တို့ အစီအစဉ်နဲ့ ကျွန်တော်တို့ ဖြူးမြို့နယ်၌ပါဝင်တဲ့မြို့တွေကိုပြောပြရရင် မြောက်ဘက်အစွန်ဆုံးမှာ ဇေယျာဝတီမြို့၊ နောက် ဖြူးမြို့၊ နောက် ညောင်ပင်သာကျေးရွာအုပ်စုနဲ့ တောင်ဘက်အစွန်ဆုံးမှာ ကညွတ်ကွင်းမြို့ဆိုပြီးတော့ ရန်ကုန်-မန္တလေး လမ်းဟောင်းအတိုင်း တည်ရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဇေယျာဝတီမြို့ကနေပြီးတော့ စစ်တောင်းမြစ်အထိလမ်းမကြီးကတစ်လမ်း၊ ဖြူးမြို့မက

နေပြီးတော့ အုတ်ဖြတ်၊ စစ်တောင်းမြစ်အထိ လမ်းမကြီးကတစ်လမ်း၊ ဖြူးမြို့မကနေပြီးတော့ ဘန်းလောင်ရွာ၊ စစ်တောင်းမြစ်အထိ လမ်းမကြီးကတစ်လမ်း၊ ညောင်ပင်သာကျေးရွာအုပ်စုက နေပြီးတော့ ကညင်တိုင်းရွာ၊ စစ်တောင်းမြစ်အထိ လမ်းမကြီးတစ်လမ်း၊ ကညွတ်ကွင်းမြို့ကနေပြီး တော့ မိဿလင်ရွာ၊ စစ်တောင်းမြစ်အထိ လမ်းမကြီးတစ်လမ်း၊ ကညွတ်ကွင်းမြို့ကနေပြီး နမ့်လောင်း၊ ကမ္ဘန်းဖုံ၊ စစ်တောင်းမြစ်အထိ လမ်းမကြီးတစ်လမ်းဆိုပြီးတော့ ခြောက်လမ်းတိတိ အဓိကလမ်းမကြီး သုံးခုရှိပါတယ်။ ယနေ့ ကျွန်တော်မေးလိုတဲ့မေးခွန်းကတော့ ဖြူးနဲ့ ဘန်းလောင်ဆက်သွယ်ထားတဲ့ လမ်းပဲဖြစ်ပါတယ်။ ဒီလမ်းကို ကျွန်တော်တို့ ဘယ်အချိန်ကစပြီးတော့ ကျောက်ရောမြေစပြီးတော့ ကျောက်ကြမ်းလမ်းခင်းလဲဆိုတော့ ၂၀၀၁-၂၀၀၂ ခုနှစ်မှာကတည်းက ပေ ၃၇၀ ကို စည်ပင်ကနေ တာဝန်ယူပြီး ခင်းခဲ့ပါတယ်။ ၂၀၀၅-၂၀၀၆ ခုနှစ်မှာ ပေ ၄၆၀၀ ကို စည်ပင်ကနေပြီးတော့ပဲ ကျောက်ကြမ်းလမ်း ခင်းခဲ့ပါတယ်။ ၂၀၁၀-၂၀၁၁ ခုနှစ်မှာ ပေ ၃၃၀ ကို စည်ပင်မှပဲ ခင်းခဲ့ပါတယ်။ ၂၀၁၂-၂၀၁၃ ခုနှစ်မှာ ပေ ၇၃၀ ကို စည်ပင်မှပဲခင်းခဲ့ပါတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ်မှာ ကျွန်တော်တို့ ၇ မိုင် ၆ ဖာလုံကို စည်ပင်မှပဲ ကျောက်ကြမ်းလမ်းခင်းခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ ခုနှစ်မှာ ၂ မိုင်နှင့် ၇ ဖာလုံကို အေရိုးမားကုမ္ပဏီက ကတ္တရာလမ်းစပြီးတော့ ခင်းပါတယ်။ ၂၀၁၅-၂၀၁၆ ခုနှစ်မှာ ၁ မိုင်နှင့် ၄ ဖာလုံကို ကျွန်တော်တို့ မြို့နယ်ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနကနေပြီးတော့ ကတ္တရာလမ်းခင်းခဲ့ပါ တယ်။ ယခုအခါ ၄ မိုင်နှင့် ၃ ဖာလုံပဲ ဒီလမ်းဟာ ကျွန်တော်တို့ ၂၀၀၁ ခုနှစ်ကစပြီးရေလိုက်ရင် ဒီနေ့မှ ၄ မိုင်နှင့် ၃ ဖာလုံ ကတ္တရာခင်းတဲ့အတွက် ကျန်တဲ့ ၈ မိုင်နှင့် ၃ ဖာလုံက ကျန်ရှိနေပါတယ်။ ၎င်းလမ်း အပိုင်းဟာ ဘယ်လိုမှလည်း အသုံးပြုနိုင်ခြင်းမရှိဘဲနဲ့ အားလုံးဟာ လမ်းအောက်မှာသွားရပါတယ်။ ခင်းပြီးသားလမ်းအပိုင်းဟာ နှစ်နှစ်ကျော်ခန့်ရှိနေပြီဖြစ်တဲ့အတွက် အချို့နေရာတွေမှာ ရှေ့ကပြင် အနောက်ကပျက်စီးလျက် ဖြစ်နေပါတယ်။ ဒီလမ်းရဲ့ထူးခြားချက်ကတော့ ဘယ်ရွာမှမဖြတ်ဘဲနဲ့ လမ်းအတိုင်း တစ်ဆက်တစ်စပ်တည်း ဖောက်ထားတဲ့လမ်းဖြစ်ပါတယ်။ လမ်းလက်ဝဲဘက်ဘေးတွေ မှာတော့ ကျေးရွာပေါင်း ၁၃ ရွာ၊ လူဦးရေ ၁၁၄၅၅ ဦးရှိပါတယ်။ အဲဒီလမ်းပေါ်မှာ တိုက်နယ်ဆေးရုံ တစ်ရုံရှိပါတယ်။ အ.ထ.က ကျောင်းနှစ်ကျောင်းရှိပါတယ်။ အ.လ.က တစ်ကျောင်းရှိပါတယ်။ ဒီ စစ်တောင်းမြစ်တဖက်ကမ်းမှာရှိတဲ့ ကျောက်ကြီးမြို့နယ်ထဲက ရွာသူရွာသားများ၊ ပြည်သူ ပြည်သားများဟာ ဒီလမ်းကိုပဲ အသုံးပြုရပါတယ်။ ဒီလမ်းမတစ်လျှောက်မှာ သစ်သားတံတား လေးစင်း ရှိပါတယ်။ သို့ဖြစ်ပါ၍ နှစ်နှစ်ကျော်ကျော် ဆက်လက်မခင်းဖြစ်သေးတဲ့ဒီလမ်းကို အချိန်ကြာမြင့်နေ ခြင်းကြောင့် ရှေ့ကခင်း နောက်ကပျက်လျက် ကြုံတွေ့နေရပါ၍ ဤလမ်းအား လာမည့်ဘဏ္ဍာရေးနှစ် တွင် ကျန်ရှိသောလမ်းအပိုင်းအား ဆက်လက်ဆောင်ရွက်နိုင်မယ့် အစီအစဉ်ရှိ/မရှိကို ပြည်သူများ ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ဖြူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းညွန့် မေးမြန်းထားတဲ့ ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နှင့် စစ်တောင်းမြစ်ကမ်းပါးရှိ ဘန်းလောင်ရွာသို့ ဆက်သွယ်ထားသည့်

လမ်းမကြီး ကတ္တရာခင်းခြင်းလုပ်ငန်းအား ဆက်လက်ခင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နှင့် စစ်တောင်းမြစ်ကမ်းပါးရှိ ဘန်းလောင်ရွာသို့ ဆက်သွယ်ထားသော လမ်းအရှည် ၁၂ မိုင် ၆ ဖာလုံသည် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီးနှင့် ဆက်သွယ်ထားသော ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသောလမ်း ဖြစ်ပါတယ်။ အဆိုပါလမ်း၏ လက်ရှိအခြေအနေမှာ ကတ္တရာလမ်း ၄ မိုင် ၃ ဖာလုံနှင့် ကျောက်လမ်း ၈ မိုင် ၃ ဖာလုံ ရှိပြီး သစ်သားတံတား ၄ စင်းရှိပါတယ်။ အရှည် ၁ မိုင် ၄ ဖာလုံရှိ ၁၂ ပေအကျယ် ၆ လက်မထုလမ်းအား တစ်ဖက် ၂ ပေစီ လမ်းချဲ့ခြင်းနှင့် ကျောက်ချောလမ်းပြုပြင်ခြင်းလုပ်ငန်းများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၁၂ လရန်ပုံငွေတွင် လျာထားပြီးဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နှင့် စစ်တောင်းမြစ်ကမ်းပါးရှိ ဘန်းလောင်ရွာသို့ ဆက်သွယ်ထားသောလမ်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစတင်၍ ရန်ပုံငွေ ရရှိမှုအပေါ် မူတည်ပြီးတော့ ကတ္တရာလမ်းအဖြစ် နှစ်အလိုက်အပိုင်းလိုက် ဆက်လက်အကောင် အထည်ဖော်ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**တမူးမြို့နှင့် ဟုမ္မလင်းမြို့သို့ ဆက်သွယ်ဖောက်လုပ်ထားသော ပြည်ထောင်စုလမ်းမကြီးအား ရာသီမရွေးသွားလာနိုင်ရန် နန့်အယားချောင်းကူးတံတားအား မည်သို့စီမံဆောင်ရွက်ပေးနိုင်မည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တမူးမဲဆန္ဒနယ်မှ ဦးနိုင်နိုင်ဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးနိုင်နိုင်ဝင်း(တမူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့်ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင် နိုင်ဝင်းဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ကက်သာ-အောင်ဇေယျလမ်းပေါ်မှာ ရှိတဲ့ နန့်အယားချောင်းကို RC သံကူကွန်ကရစ်တံတားဆောက်ပေးနိုင်ခြင်းရှိမရှိ မေးမြန်းသွားမှာဖြစ်ပါ တယ်။ ဥက္ကဋ္ဌကြီးခင်ဗျား Power Point အသုံးပြုခွင့်ပြုပါ။ ကျွန်တော်တို့ ဒီမြေပုံမှာပြထားတဲ့ တမူးနှင့် ဟုမ္မလင်းကိုဆက်သွယ်ထားတဲ့ ပြည်ထောင်စုလမ်းမကြီးဖြစ်ပါတယ်။အဲ့ဒီမှာ ကျွန်တော်တို့အောင်ဇေယျ ကျေးရွာနှင့် ဟုမ္မလင်းနားက ကက်သာ-အောင်ဇေယျလမ်းပိုင်းဟာ ၃၈ မိုင် ၁ ဖာလုံရှိပါတယ်။ အဲဒီ ကားလမ်းမကြီးပေါ်မှာ ကျွန်တော်တို့ RC တံတားသုံးစင်း၊ ဘေလီတံတားသုံးစင်းနှင့် ရေကျော် တစ်နေရာရှိပါတယ်။ အခု ကျွန်တော်မေးမြန်းတဲ့ နန့်အယားချောင်းဖြစ်ပါတယ်။ ဒီနန့်အယားချောင်း ဟာ ကျွန်တော်တို့လက်ရှိမှာ ရေကျော်တည်ဆောက်ထားပြီး မိုင်တိုင်အမှတ် ၃၇/၅ နှင့် ၃၇/၆ ကြားထဲ မှာတည်ရှိတာ ဖြစ်ပါတယ်။ ဒီချောင်းအကျယ်အဝန်းဟာဆိုရင် ပေ ၅၀၀ ဝန်းကျင်လောက်ရှိပါတယ်။ ဒီချောင်းဟာ ကျွန်တော်တို့ အရင်တုန်းက အလွယ်တကူဖြတ်သန်းသွားလာရအောင် ရေကျော် ဆောက်ထားပေမဲ့ ဒီချောင်းဟာ ကျွန်တော်တို့ အထက်အညာဒေသကလို ချောင်းခြောက်မဟုတ်ပါဘူး။ ရာသီမရွေးစီးဆင်းနေတဲ့ရေရှိပြီးမှ မိုးတွင်းဆိုရင် အဲဒီချောင်းပြင်တစ်ခုလုံးဟာ ရေလွှမ်းမိုးနေပါတယ်။

အခုကျွန်တော် Power Point မှာတင်ပြထားတဲ့ သဲသောင်ပြင်နေရာဟာ အရင်တုန်းက ရေကျော် ဆောက်ထားတဲ့နေရာပါ။ အခုတော့ ၃ ပေလောက် သဲထုဖုံးလွှမ်းသွားပြီးမှ ရေလမ်းကြောင်းဟာလဲ ပြောင်းသွားပါတယ်။ ကျွန်တော်တို့ ဒီချောင်းလမ်းကြောင်းပြောင်းသွားတဲ့အတွက် ဒါကားတွေဟာ သွားရလာရတာခက်ခဲပါတယ်။ အဲဒီ ကက်သာ-အောင်ဇေယျလမ်းပိုင်းမှာ ကျွန်တော်တို့ ဒုတိယ အရှည်ဆုံးတံတားဖြစ်တဲ့ **နတ်မကက**တံတားပါ။ ကျွန်တော်တို့ လက်ရှိ မတ်လမှာဆိုရင်ပြီးပါမယ်။ ပေ ၉၉၀ ရှိပါတယ်။ စီမံကိန်းတန်ဖိုးဟာ သန်းပေါင်း ၁၉၅၅ သန်းနဲ့ တည်ဆောက်နေတာဖြစ်ပါတယ်။ ဒါက ခုနက ကျွန်တော်တင်ပြတဲ့ **နတ်မကက**တံတားဖြစ်ပါတယ်။ ဒါကြီးကတော့ ချင်းတွင်းတံတား၊ ဟုမ္မလင်း ဖြစ်ပါတယ်။ ၂၆ ဘီလီယံအသုံးပြုပြီးမှ တည်ဆောက်နေတာဖြစ်ပါတယ်။ ဒီတံတားဟာလည်း အခု လာမယ့်မတ်လမှာ ပြီးစီးမှာဖြစ်ပါတယ်။ ခုနတင်ပြထားတဲ့ **နမကန်**တံတား၊ ချင်းတွင်းမြစ်ကူး တံတားတွေဟာ တမူးနဲ့ဟုမ္မလင်းကို ချိတ်ဆက်ဖို့ ဖောက်လုပ်ထားတဲ့စီမံကိန်းမှာပါဝင်တဲ့လုပ်ငန်းတွေ ဖြစ်ပါတယ်။ အဲဒီမှာ ကျွန်တော်စစချင်းတင်ပြခဲ့တဲ့ နန့်အယားချောင်းကတော့ တမူး-ကက်သာ-အောင်ဇေယျအစမှာ တည်ရှိတဲ့လမ်းဖြစ်ပါတယ်။ ဒီချိန်မှာ ဟုမ္မလင်းနဲ့ကလေးဝကို ရေလမ်းကြောင်း ကသွားမယ်ဆိုရင် ရေလျော့နည်းနေတဲ့ရာသီဖြစ်လို့ ရေကြောင်းနေရာ ၂၄ နေရာလောက်မှာ ရေအနက်ဟာ နှစ်ပေလောက်ပဲရှိတယ်လို့ သိရပါတယ်။ သွားလာတဲ့လူတွေအတွက် တော်တော် ခက်ခက်ခဲခဲနဲ့ သွားလာနေရတာပါ။ နောက်တစ်ခုက ၂၀-၁၂-၂၀၁၆ ရက်နေ့မှာ ပြည်သူ့လွှတ်တော် မှာပဲ ကျွန်တော်မေးခွန်းတင်ခဲ့တာရှိပါတယ်။ အဲဒါကတော့ ဟုမ္မလင်း-တမူးလမ်းပေါ်က ကက်သာ-အောင်ဇေယျလမ်းပိုင်းကို ရာသီမရွေးတည်ဆောက်ပေးနိုင်ဖို့၊ သွားလာနိုင်ဖို့ တည်ဆောက်ပေး နိုင်ခြင်းရှိ/မရှိ မေးမြန်းရာမှာ ဆောက်လုပ်ရေးဝန်ကြီးမှ ၂၀၁၈-၂၀၁၉ ခုနှစ်မှာ ရာသီမရွေး သွားလာနိုင်တဲ့ ကျောက်လမ်းအဖြစ် အပြီးဆောင်ရွက်ပေးမယ်ဆိုပြီးမှ ဖြေကြားထားတာရှိပါတယ်။ ဒီတော့ ဒီတံတားတွေ၊ လမ်းတွေတည်ဆောက်ပြီး ကက်သာ-အောင်ဇေယျလမ်းပိုင်းအစဖြစ်တဲ့ ဒီအောင်ဇေယျကျေးရွာမှာရှိတဲ့ နန့်အယားချောင်းကူးတံတားကို မတည်ဆောက်နိုင်သေးဘူးဆိုရင် နိုင်ငံတော်အနေနဲ့ စီမံကိန်းတွေလုပ်တယ်။ ပေးကားပေး၏ မရဆိုသလိုမျိုး ကျွန်တော်တို့က အဖျားရောက်မှသွားလို့မရဘဲနဲ့ ခက်နေပါလိမ့်မယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ဒီတံတားကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ အပြီးတည်ဆောက်ပေးစေချင်ပါတယ်။ ဒ့ါကြောင့် တမူးမြို့နဲ့ဟုမ္မလင်းမြို့ကို ဆက်သွယ်ဖောက်လုပ်ထားတဲ့ ပြည်ထောင်စုလမ်းမကြီးအား ရာသီမရွေးသွားလာနိုင်ရန် လိုအပ်လျက် ရှိတဲ့ နန့်အယားချောင်းကူးတံတားအား သက်ဆိုင်ရာဝန်ကြီးဌာနမှ မည်သို့စီမံဆောင်ရွက်ပေးနိုင် မည်ကိုသိရှိလိုပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်နိုင်ဝင်းမှမေးမြန်းထားတဲ့ တမူးမြို့နှင့်ဟုမ္မလင်းမြို့သို့ ဆက်သွယ်ဖောက်လုပ်ထားသော

ပြည်ထောင်စုလမ်းမကြီးအား ရာသီမရွေးသွားလာနိုင်ရန် လိုအပ်လျက်ရှိသော နန့်အယားချောင်းကူး တံတားအား သက်ဆိုင်ရာဝန်ကြီးဌာနမှ မည်သို့စီမံဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နန့်အယားချောင်းကူးတံတားသည် စစ်ကိုင်းတိုင်း ဒေသကြီး၊ တမူးခရိုင်၊ မြို့သစ်မြို့နယ်မှတမူး-အောင်ဇေယျ-ကက်သာ-ဟုမ္မလင်းသွားသော လမ်းပေါ် တွင်တည်ရှိသော တံတားဖြစ်ပါတယ်။ တမူးမြို့နှင့်ဟုမ္မလင်းမြို့သို့ ဆက်သွယ်ဖောက်လုပ်ထားသော ဆောက်လုပ်ရေးဝန်ကြီးဌာန စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်းဖြစ်သည့် ကက်သာ-အောင်ဇေယျလမ်း ကီလိုမီတာ ၆၀ နှင့် ၆၁ ကြားမှာ ပေ ၃၀၀ အရှည် နန့်အယားချောင်းကူး ရေကျော်ရှိပါတယ်။ ယခုအခါမှာတော့ ရေလမ်းကြောင်းတွေပြောင်းလဲပြီးတော့ ချောင်းရေပြင်ကျယ် လာတဲ့အတွက် တံတားအသစ်တည်ဆောက်ရန် လိုအပ်လာမှာဖြစ်ပါတယ်။ တစ်နေ့တာသွားလာတဲ့ ပျမ်းမျှယာဉ်စီးရေကတော့ စီးရေ ၅၀ အောက်မှာပဲ ရှိပါသေးတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ နန့်အယားချောင်းသည် မိုးတွင်းကာလ တောင်ကျရေစီးဆင်းမှုများရှိတဲ့အတွက် ယာဉ်များသည် တောင်ကျရေအခြေအနေကို စောင့်ဆိုင်း၍ သွားလာရကြောင်း တွေ့ရှိရပါတယ်။ နွေ၊ မိုး၊ ဆောင်း ရေအမြဲစီးဆင်းနေသောချောင်းဖြစ်ပါသဖြင့် ရာသီမရွေးသွားလာနိုင်ရေးအတွက် တံတားအရှည် ၁၅၂ မီတာ နှစ်လမ်းသွားသံကူကွန်ကရစ်တံတား တည်ဆောက်ပေးနိုင်ရန် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေထည့်သွင်းလျာထားထားပြီးတော့ ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီးတော့ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ညောင်တုန်းမြို့နယ်အပါအဝင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၏ လမ်းနယ်နိမိတ်များကို မူလလမ်းနှင့် သတ်မှတ်ချက် ပေ ၃၀၀ မှ ပေ ၅၀၀ လျှော့ချခြင်းကြောင့် ဖြစ်ပေါ်လာသော မြေလွတ် မြေလပ်များအား မည်သို့စီမံဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအုန်းလွင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအုန်းလွင်(ညောင်တုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ကြွရောက်လာသူ အားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ညောင်တုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းလွင် ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်မေးမယ့်မေးခွန်းကတော့ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီမှ မကြာခဏ ကျွန်တော်တို့ ဖြေရှင်းနေရတဲ့ကိစ္စနှင့်ပတ်သက်ပြီးတော့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် သက်ဆိုင်ရာဝန်ကြီးဌာနကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်အပါအဝင် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနရဲ့ လမ်းနယ်နိမိတ်များကို ယခင် အကျယ် ပေ ၃၀၀ သတ်မှတ်ထားရှိရာမှ ယခုအခါ လမ်းနယ်နိမိတ်အား အကျယ် ၁၅၀ အထိ

လျှော့ချခဲ့တဲ့အတွက် တစ်ဖက်မှာ ၇၅ ပေ အကျယ် ကျန်ရှိနေပြီး မည်သည့်စီမံခန့်ခွဲမှုအောက်မှာရှိနေသည်ကို မသိရပါ။ တစ်ဖက်မှာလည်း ယင်းလွတ်နေတဲ့မြေအား ဝင်ရောက်နေရာယူလာသူအများအပြားရှိနေပါတယ်။ ကျွန်တော့်အား ရှင်းလင်းစေရန် Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ ဒါကတော့ လမ်းနယ်နိမိတ်များကို လျှော့ချသတ်မှတ်ခဲ့တာပါ။ ဒါကတော့ ကျွန်တော့် ခရိုင်အတွင်းမှာ လျှော့ချထားတဲ့ လမ်းနယ်နိမိတ်များဖြစ်ပါတယ်။ ဒါကတော့ လစ်လပ်နေတဲ့နေရာမှာ ဝင်ရောက်နေရာယူထားတာဖြစ်ပါတယ်။ တဖြည်းဖြည်းနဲ့ နေရာယူတာတွေများလာပါတယ်။ တချို့အိမ်တွေဆိုလို့ရှိရင် လူမနေဘဲနဲ့ ဒါဆိုရင် လူမနေဘဲနဲ့ နေရာဝင်ယူထားတာပါ။ ဆက်တိုက်ပြပေးပါ။ အဲဒီတော့ ကျွန်တော့်အနေနဲ့ တစ်ဖက်မှာလည်း တချို့မူလပိုင်ရှင်တွေက ပြန်လည်တောင်းဆိုမှုတွေရှိတယ်။ တချို့ကလည်း ဝင်ပြီးတော့ ဦးရင် ဦးတဲ့သူက နေတဲ့အတွက် ကျွန်တော့်အနေနဲ့ မေးလိုတဲ့မေးခွန်းကတော့ ဒီလွတ်နေတဲ့ ၇၅ ပေရှိ ကားလမ်းတစ်လျှောက် မြေများအား ကျူးကျော်နေရာယူသူများနှင့် မူလတောင်သူတို့အကြား ပြဿနာမဖြစ်ပေါ်စေရန် ယင်းမြေလွတ်အား မည်သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလို၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒေသခံပြည်သူများရဲ့ကိုယ်စား မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းလွင်မှ မေးမြန်းထားတဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်အပါအဝင် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန၏ လမ်းနယ်နိမိတ်များကို မူလလမ်းနှင့် သတ်မှတ်ချက်ပေ ၃၀၀ မှ ပေ ၁၅၀ လျှော့ချခြင်းကြောင့် ဖြစ်ပေါ်လာသော မြေလွတ်၊ မြေလပ်အား မည်သို့ဆောင်ရွက်စီမံထားသည်ကို သိရှိလိုခြင်းနဲ့စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနပိုင်လမ်းများနှင့်ပတ်သက်၍ လမ်းနယ်နိမိတ်များကို လမ်းအဆင့်အတန်းအပေါ် မူတည်ပြီး ၂၄-၇-၂၀၁၄ ရက်နေ့မှစ၍ အမြန်လမ်းမကြီး ၄၀၀ ပေ၊ အထူးသတ်မှတ်လမ်း ၃၀၀ ပေ၊ နိုင်ငံတကာ ဆက်သွယ်ရေးလမ်းမကြီး ၂၃၀ ပေ၊ ပြည်ထောင်စုလမ်းမကြီး ၁၅၀ ပေ၊ တိုင်းဒေသကြီး/ ပြည်နယ်များ ဆက်သွယ်သည့်လမ်း ၁၅၀ ပေ၊ ခရိုင်/မြို့နယ်များ ဆက်သွယ်သည့်လမ်း ၁၅၀ ပေနှင့် မြို့နယ်/ကျေးရွာများဆက်သွယ်သည့်လမ်း ၁၀၀ ပေဟူ၍ အသီးသီးသတ်မှတ်ထားပြီး မြို့တွင်း/ရွာတွင်းစည်ပင်သာယာနယ်နိမိတ်အတွင်း၌ အနည်းဆုံး ၁၀၀ ပေအဖြစ်သတ်မှတ်ထားရှိပါတယ်။ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အဓိကလမ်းမကြီးများဖြစ်သော ပုသိမ်-မုံရွာလမ်းနှင့် ရန်ကုန်-ပုသိမ်လမ်းတို့သည် ပြည်ထောင်စုလမ်းမကြီးများဖြစ်သဖြင့် လမ်းနယ်နိမိတ်သတ်မှတ်ချက်မှာ ၁၅၀ ပေဖြစ်ပါတယ်။ အဆိုပါလမ်းနှစ်လမ်းအနက် ပုသိမ်-မုံရွာလမ်းကို ဧရာဝတီတိုင်းဒေသကြီး၊ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ EC ဆုံးဖြတ်ချက်အရ ၂၀၁၀ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့မှာ လမ်းနယ်နိမိတ်

အကျယ် ၃၀၀ ပေအဖြစ် သတ်မှတ်ခဲ့ပါသဖြင့် လက်ရှိလမ်းအဆင့် သတ်မှတ်ချက်အရ ဂငုနးနယ်နိမိတ်ကို ၁၅၀ ပေသို့ ၂၄-၇-၂၀၁၄ ရက်နေ့မှာ ပြန်လည်ပြင်ဆင် သတ်မှတ်ခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ လမ်းနယ်နိမိတ်ပြင်ဆင်သတ်မှတ်မှုများကြောင့်ဖြစ်ပေါ်လာသော မြေယာကိစ္စများနှင့်စပ်လျဉ်းပြီး ယခင်သိမ်းယူခဲ့စဉ်ကာလက မြေယာလျော်ကြေးပေးချေခဲ့ခြင်းရှိ/မရှိကို ပြန်လည်စိစစ်လျက်ရှိပါတယ်။ လျော်ကြေးပေးချေ၍ သိမ်းဆည်းခဲ့ခြင်းဖြစ်ပါက နိုင်ငံတော်သို့ပြန်လည်အပ်နှံနိုင်ရေးကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပြီးတော့ လျော်ကြေးပေးချေခဲ့ခြင်းမရှိခဲ့ပါက မူလပိုင်ရှင်များထံသို့ ပြန်လည်ပေးအပ်နိုင်ရေးအတွက် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင် ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဲဒီစိစစ်တဲ့လုပ်ငန်းလေးကိုလည်း တိတိကျကျနဲ့ မြန်မြန်ဆန်ဆန်ဖြစ်စေချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အခု ၂၀၁၄ ခုနှစ်က ၁၅၀ သတ်မှတ်တယ်။ အခု ကျူးကျော်တွေက ပြသွားပြီ။ ကျူးကျော်တွေက ဟိုဘက်ဒီဘက်ဝင်နေတယ်။ ကိုယ်လည်းမပိုင်ဘူး။ မူလလူလည်းမရဘူး။ နိုင်ငံတော်ဆီမှာလည်း မရှိဘူး။ ဒါက အမြန်ဆုံးဖြေရှင်းဖို့တော့လိုတယ်။ အခုဆိုလို့ရှိရင် ကျွန်တော်တို့ ဘာပဲဖြစ်ဖြစ် သုံး၊ လေးနှစ်ထဲဝင်နေပြီ။ ဒါလေးတော့ အမြန်ဆုံး တိတိကျကျနဲ့ မြန်မြန်ဆန်ဆန် ဆောင်ရွက်ပေးစေချင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။ မေးခွန်းများဖြေကြားပြီးတဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ဦးမောင်မြင့်၊ မင်းကင်းမဲဆန္ဒနယ်က ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့ထုတ်သတင်းစာတွင် ဖော်ပြခဲ့သော နိုင်ငံတော်အတိုင်ပင်ခံရုံး၊ သတင်းထုတ်ပြန်ရေးကော်မတီ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်၏ ရခိုင်ပြည်နယ်မြောက်ပိုင်းလုံခြုံရေးအခြေအနေထုတ်ပြန်ချက်ပါအချက်နှင့်ပတ်သက်၍ ရန်ကုန်သို့ ပြောင်းရွှေ့နေထိုင်ခွင့်ပြုခဲ့သည်ဆိုသည့် ကျောက်ဖြူ ပေါက်တောနှင့် ရမ်းဗြဲမြို့နယ်များရှိ ဒုက္ခသည်စခန်း(၃)ခုမှ အိမ်ထောင်စု ၅၅ စုကို ရန်ကုန်သို့ ပြောင်းရွှေ့ခွင့်ပြုခဲ့ခြင်းကို ပြန်လည်သုံးသပ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့်အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်က အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဦးမောင်မြင့်အား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးမောင်မြင့်(မင်းကင်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော် မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါရန်အတွက် လေးစားစွာတင်ပြအပ်ပါတယ်။ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့က သတင်းစာမှာဖော်ပြခဲ့တဲ့ နိုင်ငံတော်အတိုင်ပင်ခံရုံး

သတင်းထုတ်ပြန်ရေးကော်မတီ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေး ပုဂ္ဂိုလ်ရဲ့ ရခိုင်ပြည်နယ်မြောက်ပိုင်း လုံခြုံရေးအခြေအနေထုတ်ပြန်ချက်မှာပါတဲ့ အချက်နှင့်ပတ်သက် ပြီးတော့မှ ကျွန်တော် အဆိုတစ်ရပ်တင်သွင်းသွားမှာဖြစ်ပါတယ်။ ကျွန်တော့်ရဲ့အဆိုကတော့ ကျောက်ဖြူ ပေါက်တောနှင့် ရမ်းဗြဲမြို့နယ်များမှာရှိတဲ့ ဒုက္ခသည်များမှ ကမန်လူမျိုးစု၊ အိမ်ထောင်စု ၅၅ စုကို ရန်ကုန်မြို့သို့ ပြောင်းရွှေ့ခွင့်ပြုခဲ့ခြင်းနှင့်ပတ်သက်ပြီးတော့မှ ပြန်လည်သုံးသပ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းဖြစ်ပါတယ်။ သတင်းထုတ်ပြန်ချက်နောက်ဆက်တွဲရဲ့ အဆက်မှာ ကျောက်ဖြူ ပေါက်တောနှင့် ရမ်းဗြဲမြို့နယ်များမှာရှိတဲ့ ဒုက္ခသည်စခန်း(၃)ခုကို ပိတ်သိမ်း ခဲ့ပြီဖြစ်ကြောင်း၊ အဆိုပါဒုက္ခသည်စခန်းများမှ အိမ်ထောင်စု ၅၅ စုကိုရွေးချယ်ပြီး ရန်ကုန်မြို့သို့ ပြောင်းရွှေ့နေထိုင်ခွင့်ပြုခဲ့ကြောင်း မစ္စတာကိုဖီအာနန်ဦးဆောင်တဲ့ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေး ကော်မရှင်ရဲ့ကြားဖြတ်အစီရင်ခံစာမှာ တင်ပြထားတဲ့အကြံပြုချက်များနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ် ကြောင်းဆိုပြီး ဖော်ပြထားပါတယ်။ ကိုဖီအာနန်ရဲ့အကြံပြုချက်တွေကို လေ့လာကြည့်တဲ့အခါမှာ (၁၂)ချက်ရှိပါတယ်။ အဲဒါတွေကတော့ (၁) လူသားချင်းစာနာထောက်ထားတဲ့ကူညီပေးနိုင်မှု (Humanitarian Access)၊ (၂) သတင်းယူခွင့်(Media Access)၊ (၃) တရားမျှတမှုနှင့် တရားဥပဒေ စိုးမိုးရေး(Justice and Rule of Law)၊ (၄) နယ်စပ်ဆိုင်ရာကိစ္စရပ်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ဆက်ဆံရေး(Border Issues and Bilateral Relationship with Bangladesh)၊ (၅) လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှု(Socioeconomic Development)၊ (၆) လုံခြုံရေးတပ်ဖွဲ့ဝင်များအား သင်တန်းများ ပေးခြင်း(Training of Security Forces)၊ (၇) နိုင်ငံသားဖြစ်မှုနှင့် လွတ်လပ်စွာသွားလာခွင့် (Citizenship and Freedom of Movement)၊ (၈) IDP စခန်းများအားပိတ်သိမ်းရေး(Closure of IDP Camps)၊ (၉) ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များ(Cultural Issues)၊ (၁၀) လူ့အဖွဲ့အစည်းများ အကြားတွေ့ဆုံဆွေးနွေးမှု(Inter Communal Dialogue)၊ (၁၁) နိုင်ငံရေးကဏ္ဍနှင့် အရပ်ဘက် လူ့အဖွဲ့အစည်းများတွင် ကိုယ်စားလှယ်များထားရှိနိုင်မှုနှင့် ကိုယ်တိုင်ပါဝင်နိုင်မှု (Representation and Participation in Public Life)၊ (၁၂) ဒေသတွင်းမှာရှိတဲ့နိုင်ငံများနှင့် ဆက်ဆံရေး(Regional Relations)စတဲ့အချက်များပဲ ဖြစ်ပါတယ်။ အဲဒီ(၁၂)ချက်ထဲက နံပါတ်(၈)အချက်ဖြစ်တဲ့ IDP စခန်းများ ပိတ်သိမ်းရေးဟာ ကျွန်တော့်ရဲ့အဆိုနဲ့ တိုက်ရိုက်ပတ်သက်မှုရှိပါတယ်။ အကြံပြုချက်နံပါတ်(၈)ကို အသေးစိတ်ဖော်ပြရမယ်ဆိုလို့ ရှိရင်တော့ဖြင့် ရမ်းဗြဲမြို့နယ်မှာ ကမန်လူမျိုးမိသားစု ၅၅ စုဟာ မိမိတို့ရဲ့ နေအိမ်များကိုစွန့်ခွာ၍ IDP စခန်းများတွင် နေထိုင်ကြရပါသည်။ မြန်မာအစိုးရအနေဖြင့် ထိုကမန်မိသားစုများအတွက် ၎င်းတို့၏ မူလနေထိုင်ရာဒေသတွင် နေအိမ်များဆောက်လုပ်ရာ၌ လိုအပ်သည့်အထောက်အပံ့များပေးခြင်း၊ ရခိုင်လူထုအသိုက်အဝန်းအား ကမန်လူမျိုးများအနေဖြင့် မိမိတို့၏မူလဒေသများသို့ ပြန်လည်နေထိုင်ကြမည်ဖြစ်ကြောင်း အကြောင်းကြားအသိပေးခြင်းနှင့် ထိုအခြေအနေသစ်ကို နားလည်လက်ခံနိုင်စေရန် ပြင်ဆင်ပေးခြင်းများ ပြုလုပ်သင့်ပါသည်။ ကြိမ်နီပြင် IDP စခန်းတွင်နေထိုင်လျက်ရှိသော မင်းသာဖကျေးရွာမှ မွတ်ဆလင်မိသားစု ၂၁၅ စုအား ၎င်းတို့၏ မူလနေရပ်များတွင် ပြန်လည်နေရာချထားပေးနိုင်ရန်အတွက် အစိုးရအနေဖြင့် ပြန်လည်နေထိုင်မည့် မိသားစုတစ်စုချင်းအတွက် လုံးချင်းအိမ်ရာများဆောက်လုပ်ပေးရန်နှင့် ၎င်း IDP မိသားစုများအား ၎င်းတို့၏မူလဒေသများတွင် ပြန်လည်နေရာချထားပေးသည့်အခါ ဒေသတွင်း နေထိုင်ကြသည့်

လူ့အဖွဲ့အစည်းများနှင့် ပေါင်းစည်းပေးခြင်းကိုလည်း ဆောင်ရွက်ပေးသင့်ပါသည်။ ကညင်တောမှ ရခိုင်မိသားစု ၆၅ စုခန့်သည် ၎င်းတို့အတွက် ပြန်လည်နေရာချထားရန် သတ်မှတ်ထားသည့်နေရာသို့ ပြောင်းရွှေ့ရန် အဆင်သင့်ဖြစ်နေပြီဖြစ်ပါသည်။ အစိုးရအနေဖြင့် လိုအပ်သည့် လျှပ်စစ်မီး၊ ရေနှင့် လမ်းစသည့် အခြေခံအဆောက်အဦများ ဆောက်လုပ်ရန်အတွက် ရန်ပုံငွေများ ပိုမိုချထားပေးသင့်ပါသည်လို့ဖြစ်ပါတယ်။

အကြံပြုချက် နံပါတ်(၈)ရဲ့ ပထမအပိုဒ်ကို ခွဲခြမ်းစိတ်ဖြာကြည့်မယ်ဆိုလို့ရှိရင်တော့ ရမ်းဗြဲက ကမန်မိသားစု ၅၅ စု ကို မူလနေရာကို ပြန်ပို့ရမယ်လို့ အတိအလင်းပါနေပါတယ်။ ဒါကြောင့်မို့လို့ ရခိုင်ကိုပို့မယ့် ကမန်တွေဟာ ရမ်းဗြဲမြို့နယ်က ကမန်တွေဖြစ်ပြီး ကိုဖီအာနန်ရဲ့အကြံပြုချက်မှာ သူတို့ကို ရန်ကုန်ကိုပို့ရမယ်လို့ လုံးဝလုံးဝမပါဘဲ မူလနေထိုင်ရာကိုပြန်ပို့ရမယ်လို့ပဲ ရှင်းလင်းစွာ ဖော်ပြထားပါတယ်။ ဒါကြောင့် နိုင်ငံတော်အတိုင်ပင်ခံရုံး၊ သတင်းထုတ်ပြန်ရေးကော်မတီရဲ့ ထုတ်ပြန်ချက်အပိုဒ်မှာဖော်ပြထားတဲ့ အကြံပေးကော်မရှင်ရဲ့ ကြားဖြတ်အစီရင်ခံစာတွင်တင်ပြထားသည့် အကြံပြုချက်များနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဆိုတဲ့အချက်ဟာ အကြံပြုချက်နဲ့ လုံးဝကွဲလွဲနေတယ်ဆိုတာ ကျွန်တော်ထောက်ပြလိုပါတယ်။ အခုလို အကြံပြုချက်မှာပါတဲ့ မူလနေရာကို ပြန်ပို့ရမယ့်အစား ရန်ကုန်ကိုပို့တာဟာ ရည်ရွယ်ချက်ရှိရှိနဲ့ လွဲမှားဆောင်ရွက်နေတယ်ဆိုတာ ထင်ရှားပါတယ်။ ပြီးတော့ ကော်မရှင်ရဲ့အကြံပြုချက်အတိုင်း ဆောင်ရွက်ရပါတယ်ဆိုတာ ကော်မရှင်ကို ခုတုံးလုပ်၊ ပြည်သူကိုမျက်လှည့်ပြတဲ့လုပ်ရပ်တစ်ခုအဖြစ်နဲ့ ကျွန်တော်ကတော့ ရှုမြင်ပါတယ်။ တကယ်လို့သာ ကမန်မိသားစု ၅၅ စုရဲ့ မူလနေရာဟာ ရန်ကုန်မြို့ ဖြစ်တယ်ဆိုတာကို လွှတ်တော်ကြီးရှေ့မှာ အထောက်အထားနဲ့ လာရှင်းနိုင်တယ်ဆိုရင် ကျွန်တော်တို့က ဒါကို ကြည်ဖြူစွာ လက်ခံလို့ရပါတယ်။ သူတို့ရဲ့ မူလနေရာဟာ ရန်ကုန်မြို့ဖြစ်တယ်ဆိုတာကို သက်သေမပြနိုင်ဘဲ ရန်ကုန်ကိုခေါ်လာတာဆိုရင်တော့ ကော်မရှင်အကြံပြုတာကတခြား၊ အစိုးရလုပ်တာက တခြားဆိုတာဟာ လွန်စွာမှသိသာထင်ရှားနေပါတယ်။ အခုလို ရန်ကုန်ကို ရခိုင်ပြည်နယ်က ကမန်မိသားစု ၅၅ စုကို ခေါ်လာမယ်ဆိုတဲ့ တစ်ချိန်တည်းမှာ ရန်ကုန်မှာကျတော့ တိုင်းရင်းသားကျူးကျော်တွေကို အင်အား ထောင်ဂဏန်းသုံးပြီးတော့မှ ရှင်းလင်းရေးဆောင်ရွက်နေတာကိုလည်း ဝမ်းနည်းစရာ တွေ့မြင်နေရပါတယ်။ ကော်မရှင်ကိုစတင်ဖွဲ့စည်းစဉ်က အကြံပေးရုံသက်သက်သာ ဖွဲ့စည်းခဲ့တာလို့ပြောပေမဲ့ ယခုအခါမှာတော့ ကော်မရှင်ရဲ့ အကြံပြုချက်မှာမပါတာကိုတောင်မှ ပါလေသယောင်နဲ့ အမိန့်တစ်ရပ်ပမာသဘောထားပြီးတော့မှ အစိုးရက လိုက်နာလုပ်ဆောင်နေတာတွေဟာ ပြည်သူတွေ အများစုရဲ့ဆန္ဒနှင့်ရောကိုက်ညီပါရဲ့လားဆိုတာ သုံးသပ်ဖို့လိုနေပါပြီခင်ဗျား။

တကယ်တော့ ရခိုင်ပြည်နယ်မှာ ဖြစ်တဲ့ကိစ္စကို ရခိုင်မှာပဲရှင်းလို့ရပါတယ်။ ရခိုင်မှာနေရာတွေ အများကြီးရှိပါတယ်။ ရခိုင်ပြည်နယ်မှာ နေရာတွေအများကြီးရှိလျက်နဲ့ ရန်ကုန်ကိုရွှေ့ပြောင်းဖို့ စီမံစိုင်းပြင်းခဲ့တာကို ကျွန်တော်တို့ ဦးနှောက်ကတော့လိုက်လို့မမီနိုင်ပါဘူး။ ရခိုင်ပြည်နယ်မှာဖြစ်တဲ့ ကင်ဆာဆဲလ်ကို ရခိုင်မှာပဲကုတာကောင်းပါတယ်။ ဒီလိုမဟုတ်ဘဲ ကင်ဆာဆဲလ်တွေကို ရန်ကုန်ပို့မယ် ဆိုရင်တော့ တစ်ပြည်လုံးပျံ့သွားမှာဖြစ်ပါတယ်။ ဒီဖြစ်စဉ်ကို ကျွန်တော်တို့က ငြိမ်ခံနေမယ်ဆိုရင် ဒါဟာ Precedent ဖြစ်သွားပြီးတော့မှ နောက်ထပ် ပြောင်းရွှေ့ဖို့အတွက် IDP စခန်းတွေမှာ ဘင်္ဂါလီ

တစ်သိန်းနှစ်သောင်းဟာ တန်းစီပြီးတော့မှ အသင့်စောင့်ဆိုင်းနေပါတယ်။ ဒါကြောင့်မို့လို့ အခုလို တရားဝင်ကော၊ တရားမဝင်ကော ဝင်နေတာတွေကို ကျွန်တော်တို့ လက်ပိုက်ကြည့်နေမယ်ဆိုရင်တော့ ရန်ကုန်တစ်မြို့လုံး မကြာမီမှာ သူတို့တွေချည်းပဲဖြစ်သွားမှာ မလွဲဧကန်ပဲဖြစ်ပါတယ်။ ဒီရက်ပိုင်းမှာ ခိုးဝင်ဘင်္ဂါလီတွေကို ဖမ်းမိတဲ့သတင်းတွေ ဆက်တိုက်ပါနေပါတယ်။ မြဝတီကနေပြီးတော့မှ ထိုင်းဘက် ကပြန်လာတဲ့အလုပ်သမားတွေထဲမှာ ဘင်္ဂါလီတွေပါတယ်။ ရန်ကုန်မှာ ၂၃ ယောက်မိတယ်။ လမ်းခရီး မှာ ၄/၅ယောက်ချင်းမိတယ်။ ဧရာဝတီမှာမိတယ်။ သတင်းတွေ ဆက်တိုက်ပါပဲ။ ရန်ကုန်ကိုပြောင်းမယ့် ကမန်မိသားစုတွေကို တစ်အိမ်ထောင် ငါးသိန်း တစ်ယောက်ချင်းဆီကို တစ်သိန်းစီပေးတယ်လို့လည်း သတင်းတွေကြားသိနေရပါတယ်။ အဲဒီလူတွေကို အစိုးရထောက်ပံ့ပေးမှုဟာလည်း ပွင့်လင်းမြင်သာမှု ရှိဖို့လိုပြီးတော့မှ ဒီအိမ်ထောင်စု ၅၅ စုရဲ့ ရေရှည် စားဝတ်နေရေးအတွက် ဘယ်လိုအဖွဲ့အစည်းတွေက ထောက်ပံ့နေသလဲဆိုတာလည်း မေးခွန်းထုတ်စရာဖြစ်နေပါတယ်။ ပြီးတော့ အိမ်ထောင်စု ၅၅ စုက မိသားစုဝင်တွေအားလုံးဟာ လူဦးရေဘယ်လောက်ရှိသလဲဆိုတာကို ရှင်းလင်းစွာဖော်ပြခြင်းမရှိတာ ဟာ ကြီးမားများပြားတဲ့အရေးအတွက်တစ်ခုကို လူထုက သတိမမူစေဖို့အတွက် ကြံရွယ်ရေးသားတယ် လို့ ကျွန်တော်က သုံးသပ်ပါတယ်။ အရေးကြီးဆုံးကတော့ သူတို့မှာ တရားဝင်မှတ်ပုံတင်ရှိရဲ့လား ဆိုတာပါပဲ။ Freedom of Movement ကိုလက်ခံနိုင်ပေမဲ့ မှတ်ပုံတင်မရှိတဲ့သူတွေကိုတော့ လွတ်လပ်စွာပြောင်းရွှေ့ခွင့်ပြုမယ်ဆိုရင် ဘယ်လိုမှ လက်မခံနိုင်ပါဘူး။ ယခုလည်း MPC ကဒ် ရှိလို့ရှိရင် လွတ်လပ်စွာသွားလာနိုင်တယ်ဆိုတဲ့အချက်တွေ ကြားနေရပါတယ်။ ဒါကိုလည်း လုံးဝ လက်မခံနိုင်ဘူးဆိုတာကို ကျွန်တော်ပြောကြားလိုပါတယ်။ ဒါကြောင့် ကိုဖီအာနန်ကော်မရှင်ရဲ့ Recommendation မှာ မပါဝင်တဲ့အကြံပြုချက်နှင့် ရခိုင်ပြည်နယ်က ကမန်အိမ်ထောင်စု ၅၅ စုကို ရန်ကုန်ကိုပြောင်းရွှေ့ခွင့်ပြုခဲ့ခြင်းဟာ ခုတ်ရာတခြား၊ ရှရာတစ်လွဲနဲ့ အံချော်နေပါတယ်။

ဒါ့အပြင် ဒီလိုလုပ်လိုက်လို့ ရခိုင်ပြည်နယ်မှာဖြစ်ပေါ်နေတဲ့ ပြဿနာတွေအားလုံး ပြီးပြတ်သွား မယ်ဆိုရင် ကျွန်တော်တို့က မျက်စိမှိတ်နေလို့ရပေမဲ့ ယခုဟာက ပြဿနာကို ပိုမိုပြီးတော့မှ ကြီးထွားကျယ်ပြန့်အောင် လုပ်သလိုဖြစ်နေတယ်လို့ ခံစားရပါတယ်။ အဓိကအချက်ကတော့ အမျိုးသားအကျိုးစီးပွားနှင့် တိုက်ရိုက်သက်ဆိုင်နေပါတယ်။ United Nation General Assembly ရဲ့ Third Committee ရဲ့ Resolution နဲ့ အလဲအထပ်လုပ်ပြီးတော့မှ ကိုဖီအာနန်ကော်မရှင်ကို လွှတ်တော်တင်၊ မဲခွဲဆုံးဖြတ်ချက်နှင့် ဖွဲ့စည်းခဲ့ပါတယ်။ ဒီကော်မရှင်ရဲ့အကြံပြုချက်တွေကို လိုက်နာစရာမလိုဘူးလို့ မူလက တက်ရောက်ခဲ့တဲ့ဒုတိယဝန်ကြီးက ပြောပါတယ်။ ဒါပေမဲ့ ယန်ဟီလီရဲ့ Statement မှာတော့ ကော်မရှင်ရဲ့ အကြံပြုချက်တွေကို လိုက်နာဆောင်ရွက်ဖို့ဖိအားပေးခဲ့ပါတယ်။ United Nation General Assembly မှာပဲ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ကိုဖီအာနန် ကော်မရှင်ရဲ့အကြံပြုချက်တွေကို ရခိုင်ပြည်နယ်မှာဖြစ်ပွားနေတဲ့ပြဿနာတွေဖြေရှင်းဖို့အတွက် Road Map အဖြစ်နဲ့ အသုံးပြုမယ်ဆိုတာကို ပြောကြားတာကြားသိရတော့ အစိုးရတစ်ရပ်အနေနဲ့ လွှတ်တော်မှာ လာဖြေတာကတစ်မျိုး၊ လက်တွေ့လုပ်နေတာကတစ်မျိုးဖြစ်နေတာကို အထင်အရှား တွေ့နေရပါတယ်။ ကျွန်တော်တို့ လိုက်လုပ်ရမယ်ဆိုတာတွေက စောစောက ကျွန်တော် Power Point မှာတင်ပြခဲ့တဲ့အချက် ၁၂ ချက်ပဲဖြစ်ပါတယ်။ ဒီလိုသာ ဟိုလူပြောရင်ကောင်းနိုးနိုး၊ ဒီလူပြောကောင်း

နိုးနိုး လိုက်လုပ်နေမယ်ဆိုရင်တော့ ကျွန်တော်တို့နိုင်ငံလည်း ဗိုလ်ချုပ်ပြောတဲ့နိုင်ငံလိုဖြစ်သွားမှာ မလွဲဧကန်ပါပဲ။ ဒါကြောင့်ကော်မရှင်အကြံပြုချက်မှာပါတဲ့အချက်တွေကို Commitment လည်းမရှိဘူး။ လိုက်လုပ်စရာလည်းမလိုကြောင်း တစ်ခုကိုလုပ်မယ်ဆိုရင် အဲဒီတစ်ခုဟာ Precedent ဖြစ်သွားပြီးတော့မှ တစ်ရစ်ပြီးတစ်ရစ်အချစ်ခံရမှာကို မျှော်တွေးမိတဲ့အတွက် အခုလို အဓိပ္ပာယ်နည်းတဲ့ လုပ်ဆောင်မှုကို ပြန်လည်သုံးသပ်စေလိုပါတယ်။ တကယ်လို့အားဖြင့် နိုင်ငံတော်အစိုးရအနေနဲ့ ကမန်မိသားစု ၅၅ စုကို ရခိုင်ပြည်နယ်ကနေ ရန်ကုန်ကိုရွှေ့ပြောင်းခွင့်ပြုခြင်းဟာ ကိုဖီအာနန်ကော်မရှင်ရဲ့ အကြံပြုချက်မှာလည်းမပါဝင်ဘဲ ပြဿနာတစ်ရပ်ကို ဖိတ်ခေါ်သလိုဖြစ်နေတဲ့အတွက် ပြန်လည်သုံးသပ်ပေးပါရန် ဒီအဆိုကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာနှင့် တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးမောင်မြင့် တင်သွင်းတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာမောင်သင်း(မိတ္ထီလာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မင်းကင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မြင့်ရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမည့် မိတ္ထီလာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်သင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အဆိုရှင်ရဲ့အဆိုကို အချက်(၅)ချက်ဖြင့် ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ပထမအချက်အနေဖြင့် အဆိုရှင်တင်ပြထားတဲ့ ပြန်လည်သုံးသပ်ပေးပါရန်ဆိုတဲ့အချက်ဟာ အကြံပေးကော်မရှင်ရဲ့ ကြားဖြတ်အစီရင်ခံစာနှင့် လုံးဝကွဲလွဲနေတာဖြစ်ကြောင်းကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ၁-၇-၂၀၁၇ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်၏ ရခိုင်ပြည်နယ်(မြောက်ပိုင်း)လုံခြုံရေးအခြေအနေ ထုတ်ပြန်ချက်ရဲ့ နောက်ဆုံးအပိုဒ်မှာ အဆိုရှင်တင်ပြသွားသလို ကျောက်ဖြူ၊ ပေါက်တော၊ ရမ်းဗြဲမြို့နယ်များရှိ ဒုက္ခသည်စခန်း(၃)ခုကို ပိတ်သိမ်းခဲ့ပြီးဖြစ်ပါပြီ။ အဆိုပါဒုက္ခသည်စခန်းမှ အိမ်ထောင်စု ၅၅ စုကို ရွေးချယ်၍ ရန်ကုန်မြို့သို့ ပြောင်းရွှေ့နေထိုင်ခွင့်ပြုခဲ့ပါသည်။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာ ကိုဖီအာနန်ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်၏ ကြားဖြတ်အစီရင်ခံစာတွင် တင်ပြထားသည့် အကြံပြုချက်များနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု ဖော်ပြခဲ့ပါတယ်။ ဒါပေမဲ့ ၂၀၁၇ ခုနှစ် မတ်လတွင်ထုတ်ပြန်ခဲ့တဲ့ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ ကြားဖြတ်အစီရင်ခံစာပါ အကြံပြုချက်အမှတ်(၈) IDP စခန်းများပိတ်သိမ်းရေးဟူသော ခေါင်းစဉ်အောက်တွင် အဆိုရှင်တင်ပြခဲ့သလို ရမ်းဗြဲမြို့နယ်မှ ကမန်လူမျိုးမိသားစု ၅၅ စုသည် မိမိတို့ မူလနေထိုင်ရာကိုစွန့်ခွာ၍ IDP စခန်းများတွင် နေထိုင်ကြပါသည်။ မြန်မာအစိုးရအနေဖြင့် ထိုကမန်မိသားစုအတွက် ၎င်းတို့၏မူလနေထိုင်ရာဒေသများတွင် နေအိမ်များဆောက်လုပ်ရာ၌ လိုအပ်သောအထောက်အပံ့ပေးခြင်း၊ ရခိုင်လူထုအသိုင်းအဝိုင်းအား ကမန်လူမျိုးများအနေဖြင့် မိမိတို့၏မူလဒေသများသို့ ပြန်လည်နေထိုင်ရမည်ဖြစ်ကြောင်း အကြောင်းကြားပေးခြင်းနှင့် ထိုအခြေအနေသစ်ကို နားလည်လက်ခံပေးနိုင်ရန် ပြင်ဆင်ခြင်းများ ပြုလုပ်သင့်ပါသည်ဟု တိတိကျကျဖော်ပြပါရှိပါတယ်။ ဒါပေမဲ့

တကယ်တမ်းမှာ ကော်မရှင်အဖွဲ့ရဲ့အကြံပြုချက်မှာအဆိုရှင်တင်ပြခဲ့သလို (က)မြန်မာအစိုးရ အနေဖြင့် ထိုကမန်မိသားစုများအတွက် ၎င်းတို့၏မူလနေထိုင်ရာဒေသများတွင် နေအိမ်များဆောက်လုပ်ရန်ဦ လိုအပ်သောအထောက်အပံ့ဖြစ်ခြင်း၊ (ခ) ကမန်လူမျိုးများအနေဖြင့် မိမိတို့၏မူလဒေသများသို့ ပြန်လည်နေထိုင်ရမည်ဖြစ်ကြောင်း အကြောင်းကြားအသိပေးရမည်ဟု မူလနေထိုင်ရာဒေသနှင့် မိမိတို့၏မူလဒေသဟူ၍ တိတိကျကျဖော်ပြထားပါလျက် ထိုအကြံပြုချက်များကို မျက်ကွယ်ပြုကာ ရန်ကုန်မြို့သို့ ပြောင်းရွှေ့နေထိုင်ခွင့်ပြုသည်ဟူသော အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်၏ ထုတ်ပြန်ကြေညာချက်သည် ကော်မရှင်၏အကြံပေးချက်အမှတ်(၈)နှင့် လုံးဝဆန့်ကျင်မှားယွင်းနေပါ သောကြောင့် အဆိုရှင်၏ပြန်လည်သုံးသပ်ပေးရန်ဟူသောအဆိုကို ထောက်ခံအပ်ပါတယ်။

ဒုတိယအချက်အနေဖြင့် ၃-၇- ၂၀၁၇ ရက်နေ့ The Voice Daily သတင်းစာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ရန်ကုန်ကိုနေခွင့်ပြုလိုက်တာဟာ ခိုးဝင်ဘင်္ဂါလီမဟုတ်ဘူး။ ကမန်တိုင်းရင်းသားတွေဖြစ်တယ်။ သူတို့က အစ္စလာမ်ဘာသာ ကိုးကွယ်တာဟု ဖော်ပြထားပါတယ်။ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေး ကော်မရှင်၏ ကြားဖြတ်အစီရင်ခံစာတွင်ဖော်ပြခဲ့သလို မူလဒေသသို့သာ ပြန်လည်နေရာချထားရမည့် အစား ရန်ကုန်မြို့သို့ ခွင့်ပြုခြင်းဟာ အစ္စလာမ်ဘာသာကိုးကွယ်သူများဖြစ်သည့်အတွက်ကြောင့် Islamization အတွက်ဖြစ်နိုင်သည်ဟု လူမှုကွန်ယက်များတွင်ဖော်ပြနေသော ယူဆချက်များ ပေါ်ပေါက်နေခြင်းက ပြည်သူများသံသရပွားဖွယ်ဖြစ်လာနိုင်ပါ၍ အဆိုရှင်၏ပြန်လည်သုံးသပ်ပေး ပါရန် အဆိုကို ထောက်ခံအပ်ပါတယ်။

တတိယအချက်အနေဖြင့် ကမန်တိုင်းရင်းသားများကို အကာအကွယ်ဒိုင်းသဖွယ်ကဲ့သို့ အသုံးပြုပြီး နောက်ထပ်တိုင်းရင်းသားလည်းမဟုတ်၊ နိုင်ငံသားလည်းမဟုတ်တဲ့ ဘာသာခြားများကို အဲဒီတိုင်းရင်းသားအိမ်ထောင်စုဝင်အမည်သွင်းပြီး ရန်ကုန်မြို့သို့ ပြောင်းရွှေ့ပေးမှာကို ပြည်သူတွေ စိုးရိမ်နေပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်၏ထုတ်ပြန် ကြေညာချက်မှာရော၊ ကော်မရှင်၏ကြားဖြတ်အစီရင်ခံစာမှာရော ကမန်မိသားစု ၅၅ စုဟုသာ ဖော်ပြ ထားပြီး လူဦးရေအရေအတွက်ကို တိတိကျကျဖော်ပြထားခြင်းမရှိတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ လူဦးရေကိုချန်ထားခြင်းဟာ ယခုလို လူပိုတွေစာရင်းသွင်းနိုင်တာကြောင့် ပြည်သူတွေရဲ့စိုးရိမ်မှုကို ဖြစ်ပေါ်စေတဲ့အတွက်ကြောင့် အဆိုရှင်က ပြန်လည်သုံးသပ်ပေးရန် အဆိုတင်သွင်းခြင်းလို့ မြင်မိပါ တယ်ခင်ဗျား။

စတုတ္ထအချက်အနေဖြင့် အခြားဒေသတွေကိုပြောင်းရွှေ့ခြင်းက မှန်ကန်တဲ့အဖြေမဟုတ် ကြောင်းနှင့် ပြောင်းရွှေ့သွားတဲ့နောက်တစ်နေရာမှာ ဆူပူမှုကိုဖြစ်နိုင်စေကြောင်း သက်သေသာဓက တွေရှိခဲ့ပါတယ်။ ပထမသက်သေသာဓကအနေနဲ့ ၂၀၁၃ ခုနှစ် ကျွန်တော့်ဒေသမှာဖြစ်ခဲ့တဲ့ မိတ္ထီလာ အရေးအခင်းကို အားလုံးမှတ်မိကြပါလိမ့်မယ်။ အဲဒီပြဿနာမဖြစ်မီ ၁၀ နှစ်ကျော်လောက်က ကျောက်ပန်းတောင်းမှာ ပြဿနာဖြစ်ခဲ့ပါတယ်။ ပြဿနာဖြစ်ခဲ့တဲ့ဘာသာခြားတွေကို မိတ္ထီလာကို ပြောင်းရွှေ့နေရာချထားပေးခဲ့ပါတယ်။ အဲဒီပြောင်းရွှေ့နေရာချထားပေးတဲ့သူတွေဟာ ၂၀၁၃ ခုနှစ် ယခုလို မတ်လမှာ ပြဿနာမျိုးထပ်ဖြစ်ခဲ့ပါတယ်။ ဒုတိယသက်သေအနေနဲ့ကတော့ ယနေ့သတင်းစာ

တွေမှာတွေ့နေရတဲ့ ဂျာမနီ၊ ပြင်သစ်အပါအဝင် ဥရောပတိုင်းမှာလည်း ဒီအဖြစ်မျိုးတွေကြုံနေရပါတယ်။ ယခုလိုရန်ကုန်ကိုပြောင်းရွှေ့ပေးတဲ့ ဘာသာခြားမိသားစုတွေနဲ့ အစွယ်အပွားတွေကြောင့် မိတ္ထီလာအရေးအခင်းလိုမျိုး သူတို့ပြောင်းရွှေ့ရာဒေသတွေမှာ ထပ်မံမဖြစ်ပွားနိုင်ဘူးလို့ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်အနေဖြင့် အာမခံနိုင်ပါသလားဆိုတဲ့ မေးခွန်းထုတ်စရာလေးတွေ ဖြစ်လာတာမို့ အဆိုရှင်က ပြန်လည်သုံးသပ်ပေးရန်လို့ ဆိုလိုခြင်းဖြစ်တယ်လို့ မြင်မိပါတယ်။

ပဉ္စမအချက်အနေနဲ့ ကျွန်တော်တို့နိုင်ငံဟာ လွတ်လပ်ရေးရခဲ့တာ နှစ်ပေါင်း ၇၀ ကျော်ခဲ့ပါပြီ။ ကျွန်တော်တို့နိုင်ငံရဲ့ အချုပ်အခြာအာဏာက ကျွန်တော်တို့နိုင်ငံသားတွေရဲ့ လက်ထဲမှာရှိပါတယ်။ ယခုလို ကိုဖီအာနန်ရဲ့အကြံပြုချက်မို့လို့ ကမန်တိုင်းရင်းသား ၅၅ စုကို ရွှေ့ရတယ်ဆိုရင် ကျွန်တော်တို့ လွတ်လပ်ရေးဟာ ဒုတိယရွှေရည်စိမ်လွတ်လပ်ရေးဘဝကို ရောက်ရှိနေသလို နိုင်ငံသားတွေခံစားနေရပါတယ်။ ထို့အတူ သူများခိုင်းသမျှ လိုက်ပါဆောင်ရွက်နေရတဲ့ ဒီမိုကရေစီလူ့အဖွဲ့အစည်းကလည်း ရွှေရည်စိမ် ဒီမိုကရေစီလူ့အဖွဲ့အစည်းပဲဖြစ်သွားပါလိမ့်မယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့လိုချင်တဲ့လူ့အဖွဲ့အစည်းက မြန်မာတွေလက်ထဲမှာ အချုပ်အခြာအာဏာရှိတဲ့ မြန်မာ့ဒီမိုကရေစီလူ့အဖွဲ့အစည်းပါ။ ဘယ်နိုင်ငံခြားသား လက်ခုပ်ထဲကမှ ဒီမိုကရေစီမဟုတ်ပါဘူး။ အထူးသဖြင့် ကိုဖီအာနန်ဒီမိုကရေစီမျိုးကို ကျွန်တော်တို့ လုံးဝမလိုချင်ပါဘူး။ အဲဒီလိုလိုချင်သလား၊ မလိုချင်သလားဆိုတာ ကျွန်တော်တို့နိုင်ငံသားတွေကို မေးကြည့်ရင်သိနိုင်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေဖြင့် ကျွန်တော်တို့သမိုင်းမှာ ရွှေရည်စိမ် လွတ်လပ်ရေးကို ဗိုလ်ချုပ်အောင်ဆန်းဦးစီးပြီး တစ်တိုင်းပြည်လုံးတော်လှန်ခဲ့တဲ့ အစဉ်အလာတွေရှိခဲ့ပါတယ်။ ယခု အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်၏ ထုတ်ပြန်ချက်မှာပါဝင်တဲ့ လုပ်ဆောင်ချက်တွေဟာလည်း သူများခိုင်းတိုင်းလုပ်ရတဲ့ ရွှေရည်စိမ်လွတ်လပ်ရေးနဲ့ ရွှေရည်စိမ်ဒီမိုကရေစီသဘောမျိုးရောက်နေတာမို့ ကျွန်တော်တို့ပြည်သူတွေက လက်မခံခဲ့ရင် တိုင်းပြည်မှာဆိုးဝါးတဲ့အဖြစ်မျိုးရောက်မှာ စိုးရိမ်တဲ့အဆိုရှင်၏ ကမန်အိမ်ထောင်စု ၅၅ စုကို ရန်ကုန်သို့ပြောင်းရွှေ့ပေးခြင်းအား ပြန်လည်သုံးသပ်ပေးရန်ဟူသောအဆိုကို နိုင်ငံတော်ရဲ့ငြိမ်းချမ်းရေး၊ မြန်မာ့ဒီမိုကရေစီ လူ့အဖွဲ့အစည်းရဲ့ ရေရှည်အကျိုးစီးပွားကိုမျှော်ကိုး၍ ပြည်သူ့လွှတ်တော်တွင် လက်ခံဆွေးနွေးပေးပါရန် ထောက်ခံအပ်ပါသည်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံထားပါတယ်။ ဒီအဆိုနဲ့စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃) အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဦးမောင်မြင့် တင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် ဦးမောင်မြင့်၊ မင်းကင်းမဲဆန္ဒနယ်ကတင်သွင်းတဲ့ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့ထုတ်သတင်းစာ

တွင် ဖော်ပြခဲ့သော နိုင်ငံတော်အတိုင်ပင်ခံရုံး၊ သတင်းထုတ်ပြန်ရေးကော်မတီ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်၏ ရခိုင်ပြည်နယ်မြောက်ပိုင်း လုံခြုံရေးအခြေအနေထုတ်ပြန်ချက်ပါအချက်နှင့်ပတ်သက်၍ ရန်ကုန်သို့ ပြောင်းရွှေ့နေထိုင်ခွင့်ပြုခဲ့သည်ဆိုသည့် ကျောက်ဖြူ ပေါက်တောနှင့် ရမ်းဗြဲမြို့နယ်များရှိ ဒုက္ခသည်စခန်းသုံးခုမှ အိမ်ထောင်စု ၅၅ စုကို ရန်ကုန်သို့ပြောင်းရွှေ့ခွင့်ပြုခဲ့ခြင်းကို ပြည်လည်သုံးသပ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဦးမောင်မြင့်၊ မင်းကင်းမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၆-၃-၂၀၁၈ ရက်(အင်္ဂါနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန် ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ လွှတ်တော်ရဲ့ဂုဏ်သိက္ခာ၊ ကိုယ်စားလှယ်ရဲ့ကျင့်ဝတ်ဂုဏ်သိက္ခာနဲ့အညီ သဘောတူ/မတူမေးတဲ့အခါမှာ ဖြေလို့ရပါတယ်။ ကောင်းကောင်းမွန်မွန်၊ လူကြီးလူကောင်းပီပီဖြေလို့ရပါတယ်။ အဲဒါလေးကိုတော့ သတိပြုစေချင်ပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး(၂၅)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို ရပ်နားပါ့မယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ မတ်လ ၇ ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၀း၃၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို ၁၁း၀၀ နာရီအချိန်တွင် ရပ်နားပါသည်။]

မူကြမ်း

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၄) ရက်မြောက်နေ့
# (၅.၃.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့်
# ပုဂ္ဂိုလ်များ




U Kyaw Lin | U Than Aung




U Kyaw Lin | U Sai Naung Sai Hein




U Kyaw Lin | U Par Htan




U Kyaw Lin | U Than Nyut




U Kyaw Lin | U Naing Naing Win




U Kyaw Lin | U Ohm Lwin

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်